# သောင်ကြီးကျေးရွာ

# သထုံမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၈ - ၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

သောင်ကြီးကျေးရွာ၊ သထုံမြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ သထုံမြို့နယ်နှင့် ဦးကောင်းမြတ် - LIFT/ Technical Assistant Team တို့ ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ ဩဂုတ်လ

## မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | ၃ |
| | **သောင်ကြီးကျေးရွာ သယံဇာတပြမြေပုံ၊ သထုံမြို့နယ်** | ၅ |
| | | |
| ၁။ | **တည်နေရာနှင့် ပထဝီဝင် အနေအထား** | ၆ |
| ၂။ | **ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ** | ၆ |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | ၆ |
| ၄။ | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | ၇ |
| | (က) သီးနှံ စိုက်ပျိုးရေး | ၇ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၈ |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၈ |
| | (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | ၉ |
| ၅။ | **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ** | ၉ |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၉ |
| | (ခ) ကျေးရွာ မီးလင်းရေး | ၁၀ |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၁၀ |
| ၆။ | **ပညာရေး** | ၁၀ |
| ၇။ | **ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး** | ၁၁ |
| ၈။ | **ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၁၁ |
| ၉။ | **ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ** | ၁၂ |
| ၁၀။ | **ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ** | ၁၃ |
| | | |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | ၁၆ |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၁၇ |
| | နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | ၅၅ |
| | နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁) | ၆၁ |
| | နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂) | ၆၃ |
| | နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃) | ၆၅ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ကျေးရွာ၏ လူထုအများ စုပေါင်းပါဝင် ရေးဆွဲထားသည့် ၂၀၁၈/၂၀၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၀၂၃ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို

ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား၊ ဦးစားပေးစီမံချက် အဆိုပြုလွှာစသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

ဩဂုတ်၊ ၂၀၁၈

**ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**

**သောင်ကြီးကျေးရွာ**

**သထုံမြို့နယ်**

## သောင်ကြီးကျေးရွာ သယံဇာတပြမြေပုံ၊ သထုံမြို့နယ်



## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

သောင်ကြီးကျေးရွာသည် မွန်ပြည်နယ်၊ သထုံခရိုင်၊ သထုံမြို့နယ်၏ အနောက်မြောက်ဘက် (၂၃) မိုင်အကွာတွင် တည်ရှိပါသည်။ သုဝဏ္ဏဝတီမြို့နှင့် (၁၁) မိုင်ကွာဝေးပြီး သွားလာရခက်ခဲသော ကျေးရွာဖြစ်ပါသည်။ သောင်ကြီးကျေးရွာ၏ တောင်ဘက်တွင် တောကြီးကျေးရွာရှိပြီး အရှေ့၊ အနောက်၊ မြောက်ဘက်တွင် လယ်ကွင်းများနှင့် ဝန်းရံထားပါသည်။ ကျေးရွာတွင် ကရင်တိုင်းရင်းသားများနေထိုင်ကြပြီး ဗုဒ္ဓဘာသာ ကိုးကွယ်ကြပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ကျေးရွာ၏ ရွာသီဥတုမှာ အပူပိုင်းရာသီဥတုဖြစ်ပြီး၊ အပူအအေးမျှတမှု ရှိပါသည်။ စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ (၅၀၉) ဧက ရှိပါသည်။ မြေဆီလွှာ အရည်အသွေးမှာ အသင့်အတင့် ကောင်းမွန်ပါသည်။ အိမ်ခြံမြေများတွင်လည်း ရာသီအလိုက် ဟင်းသီးဟင်းရွက်ပင်များကို အနည်းအကျဉ်း စိုက်ပျိုးကြပါသည်။ သဘာဝဆေးဖက်ဝင်အပင်များနှင့် သဘာဝတိရစ္ဆာန်မျိုးစိတ်များ အနည်းငယ် ရှိပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာအတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများတွင် ရပ်မိရပ်ဖအဖွဲ့ (ကျား -၆ ဦး)၊ အုပ်ချုပ်ရေးအဖွဲ့ (ကျား - ၉ ဦး)၊ မီးသတ်အဖွဲ့ (က - ၁ ဦး) သည် ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ သာရေးနာရေး၊ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် စည်းရုံးလုပ်ဆောင်နေကြပါသည်။ ကာလသား ကာလသမီးအဖွဲ့ (ကျား - ၂၀ ဦး + မ - ၂၀ ဦး) သည် ကျေးရွာ၏ သာရေးနာရေး၊ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အားတက်သရော စုပေါင်းလုပ်ဆောင်နေကြပါသည်။ အမျိုး သမီးရေးရာအဖွဲ့ (မ - ၃ ဦး)၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့ (မ - ၃ ဦး) တို့သည် ကျေးရွာ၏ ကျန်းမာရေး၊ လူမှုဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ကြပါသည်။ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ (က - ၄ ဦး + မ - ၂ ဦး) သည် ကျေးရွာစာသင်ကျောင်းရှိ ဆရာ/ဆရာမများနှင့် ပူးပေါင်း၍ ကျေးရွာ၏ ပညာရေးကဏ္ဍတိုးတက်လာစေရေးအတွက် လုပ်ဆောင်လျှက် ရှိပါသည်။ လူမှုကူညီရေးအသင်း (က - ၆ ဦး + မ - ၁ ဦး) သည် ကျေးရွာ၏ ဘာသာရေး၊ သာရေးနာရေး၊ လူမှုဖွံ့ဖြိုးရေး စသည့် အပိုင်းတို့တွင် ပါဝင်ဆောင် ရွက်နေကြပါသည်။

သောင်ကြီးကျေးရွာတွင် Easy အဖွဲ့သည် ကျေးရွာအတွက် လိုအပ်သည့် အသေးစားချေးငွေလုပ်ငန်းအတွက် လာရောက်လုပ်ကိုင်လျှက် ရှိပါသည်။ အခြားသောကဏ္ဍများအတွက် ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်ပေးနေသော ပြင်ပအဖွဲ့အစည်းများ မရှိပါ။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (က) သီးနှံ စိုက်ပျိုးရေး

သောင်ကြီးကျေးရွာတွင် ၂.၅ ဧကအောက် ဆင်းရဲသားတောင်သူ မရှိပါ။ ၂.၅ ဧကမှ ၅ ဧကကြား တောင်သူငယ် (၈) အိမ်ထောင်စု၊ ၅ ဧကမှ ၁၂.၅ ဧကကြား တောင်သူလတ် (၂၅) အိမ်ထောင်စု၊ ၁၂.၅ ဧက အထက် တောင်သူကြီး (၈) အိမ်ထောင်စု စသည်တို့ ရှိကြပြီး အဓိကအားဖြင့် စပါးကိုသာ အားထားစိုက်ပျိုးကြပါသည်။ မြေယာမဲ့ အိမ်ထောင်စုများသည် စုစုပေါင်း အိမ်ထောင်စု၏ သုံးပုံနှစ်ပုံခန့်ရှိပြီး အများစုသည် ကျေးရွာရှိ စိုက်ပျိုးရေးနှင့် အခြားသောလုပ်ငန်းများတွင် နေ့စားကျပန်းနှင့် ပြည်ပတွင်သွားရောက် လုပ်ကိုင်နေကြပါသည်။

ကျေးရွာ၏ စိုက်ပျိုးရေးမှာ မိုးရေကိုသာ အဓိကထား စိုက်ပျိုးလုပ်ကိုင်ကြပြီး မိုးစပါး ရိတ်သိမ်းပြီးကာလတွင် ပဲသီးနှံများ စိုက်ပျိုးကြပါသည်။ စပါးအထွက်နှုန်းမှာ နှစ်စဉ်ပုံမှန် မရှိ ရာသီဥတုအခြေအနေပေါ် မူတည်ပြီး အထွက်နှုန်းမှာ ပျမ်းမျှအနေဖြင့် တစ်ဧကလျှင် (၄၀) တင်းခန့်သာ ထွက်ရှိပါသည်။ မိမိတို့၏ ကောင်းမွန်သောစိုက်ခင်းမှ မျိုးများကို ပြန် လည်အသုံးပြုပြီး မျိုးကောင်းမျိုးသန့်များ အသုံးပြုမှုနည်းပါးခြင်း၊ စိုက်ပျိုးရေး နည်းပညာ များ လိုအပ်ခြင်းနှင့် စိုက်ခင်းများ ရေလွှမ်းသဖြင့် ဆားငန်ရေများ ဝင်ရောက်မှုကြောင့် အထွက်နှုန်း လျော့ကျလေ့ရှိပါသည်။ ကျေးရွာအတွင်းရှိ လယ်သမားများတွင် တစ်ဦးချင်းပိုင် လက်တွန်းထွန်စက် (၁၀) စီးရှိပြီး၊ ရေစုပ်စက် (၁၀) လုံး၊ မြက်ရိတ်စက် (၂) လုံး ရှိပါသည်။ အဖွဲ့ပိုင် ထွန်စက်၊ ခြွေလှေ့စက်များ မရှိပါ။ အခြားသော တောင်သူများမှာ လိုအပ်သော စက် ကိရိယာများကို ငှားရမ်းလုပ်ကိုင်ကြပါသည်။

မိုးရာသီတွင် မိုးများပါက ဆားငန်ရေများ ဝင်ရောက်သောကြောင့် လယ်အချို့ ပျက်စီး ရပါသည်။ သုဝဏ္ဏဝတီမြို့နှင့် အလှမ်းမနီးသော်လည်း သီးနှံမျိုးစေ့များနှင့် စိုက်ပျိုးရေးသုံး သွင်းအားစုများကို အလွယ်တကူ ဝယ်ယူရရှိနိုင်ပြီး ထွက်ကုန်များကိုလည်း ကုန်သည်၊ ပွဲစားများနှင့် ဈေးတွင် ဈေးနှုန်းမှန်ကန်စွာဖြင့် အလွယ်တကူ ရောင်းချနိုင်ပါသည်။

မိုးစပါးစိုက်ပျိုးရာတွင် စပါး ဖျက်ပိုးနှင့် ခရုဖျက်ပိုးများ အနည်းငယ်ရှိသဖြင့် ဆုံးရှုံးမှု အနည်းငယ်ရှိပါသည်။ ရင့်မှည့်ချိန်/ ရိတ်သိမ်းချိန်တွင် အချိန်အခါမဟုတ် မိုးရွာခြင်းကြောင့် စိုက်ဧကအနည်းငယ် ပျက်စီးဆုံးရှုံးမှု ကြုံတွေ့နေရပါသည်။ သီးနှံများ ရောင်းချရတွင် ဈေး နှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သော်လည်း အလေးချိန် မမှန်ကန်ခြင်း၊ တင်းတစ်ရာလျှင် တင်းဆောင်းပိုပေးရခြင်းစသည့် အဆင်မပြေမှုများ ရှိပါသည်။ မိုးတွင်းကာလတွင် ဆားငန် ရေ ဝင်ရောက်မှုကြောင့် လယ်များတွင် အထွက်နှုန်း နည်းပါးပါသည်။ နည်းပညာ အားနည်း

သောကြောင့် စိုက်ပျိုးရေးဆိုင်ရာနည်းပညာများ လာရောက်ဝေမျှနိုင်ပါက စိုက်ပျိုးရေးတွင် အထွက်နှုန်းကောင်းမွန်ပြီး အရည်အသွေးပြည့်ဝသော ထုတ်ကုန်များ ရရှိလာနိုင်ပါမည်။

## (ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် နွားမွေးမြူထားသည့် အိမ်ထောင်စု (၁၁) အိမ်ရှိပြီး နွားကောင်ရေ (၆၅) ကောင်၊ ကျွဲမွေးမြူထားသည့် အိမ်ထောင်စု (၅) စုမှ (၁၀၈) ကောင်၊ အိမ်ထောင်စု (၂) အိမ်မှ ဆိတ် (၁၃) ကောင်၊ အိမ်ထောင်စု (၃၀) အိမ်မှ ဝက် (၁၄၂) ကောင်၊ အိမ်ထောင်စု (၇၀) အိမ်မှ ကြက် (၁၅၂၀) ကောင်၊ အိမ်ထောင်စု (၁၉) အိမ်မှ ဝက် (၂၇၄) ကောင် စသည်ဖြင့် တစ်ပိုင်တစ်နိုင်မွေးမြူရေးကို လုပ်ကိုင်နေကြပါသည်။ ရေငန်ငါးဖမ်းခြင်းလုပ်ငန်း လုပ်ကိုင်သူ (၂) ဦးရှိပြီး မိမိတို့ လယ်ကွက်အတွင်းရှိ ကန်များနှင့် နီးစပ်ရာချောင်းများတွင်ဝမ်းစာအတွက် ရေချိုငါးရှာဖွေ ဖမ်းဆီးကြပါသည်။

သောင်ကြီးကျေးရွာတွင် မွေးမြူရေးလုပ်ငန်းကို တစ်ပိုင်တစ်နိုင်သာ လုပ်ကိုင်ကြသဖြင့် ရေနှင့် ပတ်သက်သော အခက်အခဲများမရှိပါ။ သုဝဏ္ဏဝတီမြို့နှင့် အတော်အသင့်နီးသောကြောင့် မျိုးတိရစ္ဆာန်ရရှိမှု၊ အစာနှင့်ဆေးများကို အလွယ်တကူ ရနိုင်သည့်အပြင် တိရစ္ဆာန်များမွေးမြူရန် အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု အသင့်အတင့် ရှိပါသည်။ မွေးမြူရေးနှင့်ပတ်သက်သည့် နည်းပညာများနှင့် ကာကွယ်ဆေးထိုးခြင်း ဝန်ဆောင်မှုများ မရှိသဖြင့် ရာသီကူးပြောင်းချိန်တွင် ရောဂါများ ကူးစက်ခံရပြီး ပျက်စီးဆုံးရှုံးမှု အနည်းငယ်ရှိသည့်အပြင် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်မည်ဆိုပါက ငွေကြေး၊ မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံ၊ အသိပညာများ လိုအပ်နေပါသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

သောင်ကြီးကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်း လုပ်ကိုင်နေကြသော မိသားစုဝင်များသည် ဆောက်လုပ်ရေးလုပ်ငန်း၊ ဝပ်ရှော့လုပ်ငန်း၊ အပ်ချုပ်ဆိုင်၊ တစ်ပိုင်တစ်နိုင်ဈေးဆိုင်များ၊ လက်ဖက်ရည်ဆိုင်၊ ကား၊ ဆိုင်ကယ်၊ ထော်လာဂျီမောင်း၍ ခရီးသယ်များပို့ဆောင်ခြင်း၊ ကျောင်းဆရာ/ဆရာမများ စသည်ဖြင့် လုပ်ကိုင်နေကြပါသည်။ အသက်မွေးဝမ်းကျောင်းနည်းပညာနှင့် အသေးစား/အလတ်စားစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများ မရှိခြင်း၊ အလုပ်နှင့်လိုက်လျော ညီထွေဖြစ်သော အတတ်ပညာများ ကျွမ်းကျင်စွာ တတ်မြောက်မှုမရှိခြင်း စသည်တို့ကြောင့် အလုပ်အကိုင် အခွင့်အလမ်း နည်းပါးသဖြင့် အခြားဒေသများနှင့် နိုင်ငံခြားတို့တွင် လုပ်ကိုင်သူဦးရေ များပြားပြီး လုပ်သားအင်အား ရှားပါးပါသည်။ လယ်ယာသားငါးထွက်ကုန် မဟုတ်သော အခြားဒေသ

ထွက်ကုန်များကို ရောင်းချရန်ဈေးကွက် အသင့်အတင့်ရှိသော်လည်း ဈေးကွက်ဆိုင်ရာ အသိအမြင်ရှိမှု အားနည်းပါသည်။

### (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

လယ်သမားများသည် စိုက်ပျိုးစရိတ် ချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် ပုံစံ (၇) ဖြင့် တစ်ဧကလျှင် (၁.၅) သိန်းနှုန်းဖြင့် (၁၀) ဧကအထိ အလွယ်တကူ ချေးယူ၍ ရရှိနိုင်သော်လည်း ကိုယ်ပိုင်ရင်းနှီးငွေ နည်းပါးကြပါသည်။ မွေးမြူရေးလုပ်ငန်း များနှင့် စိုက်ပျိုး၊ မွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ကိုင်နေကြသော မိသားစုဝင် များသည် ချေးငွေများ လွယ်ကူစွာ လိုသလောက် မရရှိသဖြင့် တစ်ပိုင်တစ်နိုင်လုပ်ငန်းမှ စီးပွားဖြစ် လုပ်ကိုင်ကြရန် အခွင့်အလမ်းများ နည်းနေကြပါသည်။ ကျေးရွာအတွင်းရှိ ငွေချေးသူများထံမှ တစ်လအတိုးနှုန်း (၅-၁၀) ရာခိုင်နှုန်းထိ ချေးယူနေကြရပါသည်။ ထို့ကြောင့် အတိုးနှုန်းသက်သာသော ကာလရှည်ချေးငွေများ ရရှိရန် လိုလားကြပါသည်။

## ၅။ အခြေခံအဆောက်အအုံနှင့် ဝန်ဆောင်မှုများ

### (က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင် ကားမောင်းခြင်း၊ ဆိုင်ကယ်ကယ်ရီမောင်းခြင်းလုပ်ငန်းများကို လုပ်ကိုင်နေသည့် အိမ်ထောင်စု အနည်းငယ်ရှိ ပါသည်။ ကျေးရွာတွင် လှေ၊ သမ္ဗာန် (၂) စီး၊ စက်လှေ (၂) စီး၊ စက်ဘီး (၁၃၁) စီး၊ မော်တော်ဆိုင်ကယ် (၃၉) စီး၊ သုံးဘီးဆိုင်ကယ် (၁) စီး၊ ထော်လာဂျီ (၅) စီး၊ ကား (၅) စီး စသည်ဖြင့် သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် အသုံးပြု နေကြပါသည်။ သယ်ယူပို့ဆောင်ရေးတွင် ရေကြောင်းခရီးကို အသုံးမပြုဘဲ ကားလမ်းကိုသာ ဦးစားပေး အသုံးပြုပါသည်။ ငါးဖမ်းဆီးရာနှင့် သယ်ယူရာတွင် စက်လှေနှင့်သမ္ဗာန်များ အသုံးပြုကြပါသည်။

သောင်ကြီးကျေးရွာအတွင်းရှိ ရွာတွင်းလမ်းများသည် မြေသားလမ်းများ ဖြစ်ပါသည်။ မြေသားလမ်းများမှာ မိုးတွင်းကာလများတွင် လမ်းများပေါ်သို့ ရေကျော်ပြီး ဗွက်များ၊ ချိုင့်များဖြစ်ကာ သွားလာရ အဆင်မပြေမှုများ ရှိနေပါသည်။ ကျေးရွာချင်းဆက်လမ်းမကြီးမှာလည်း မြေသားလမ်းဖြစ်ပြီး မိုးတွင်းကာလများတွင် လမ်းများပေါ်သို့ ရေကျော်ပြီး ဗွက်များ၊ ချိုင့်များ ဖြစ်ကာ သွားလာရ အဆင်မပြေမှုများ ရှိနေပါသည်။

ကျေးရွာတွင်းလမ်းများတွင် ကွန်ကရစ်တံတား (၄) စင်း၊ ရွာမြောက်ဘက် ရွာချင်းဆက်ချောင်းကူးတံတား (၁) စင်း၊ ရွာအနောက်ဘက် ကုန်ထုတ်လမ်းတွင် တံတား (၁) စင်း၊ တောကြီး-သောင်ကြီး-ကတိုက်ကလေး ရွာချင်းဆက်လမ်းတွင် (၂) စင်း၊ စုစု ပေါင်းတံတား

(၈) စင်း ရှိပါသည်။ ကားကြီးများဖြတ်သန်းသွားလာခြင်း မရှိသောကြောင့် ပျက်စီးမှု လျော့နည်းပါသည်။

**(ခ) ကျေးရွာ မီးလင်းရေး**

သောင်ကြီးကျေးရွာတွင် မဟာဓာတ်အားလိုင်းချိတ်ဆက်မှု မရှိသောကြောင့် အသေးစားလုပ်ငန်းငယ်များ မပြုလုပ်နိုင်ဘဲ၊ ကျောင်းသားကျောင်းသူများ စာလေ့လာရာတွင် အခက်အခဲများ ရှိပါသည်။ လုပ်ငန်းများ လုပ်ရာတွင် ကြန့်ကြာမှုများ ကြုံတွေ့ရပါသည်။ ကျေးရွာတွင် အိမ်ထောင်စု အများစုသည် ဆိုလာမီးကို အသုံးများပြီး အချို့အိမ်များတွင် ဆိုလာမီး (သို့) လက်ဆွဲမီးစက်ငယ်ကို တွဲ၍ အသုံးပြုကြပါသည်။ ကျန်အိမ်ထောင်စုများမှာ ရေနံဆီမီးအိမ်၊ ဖယောင်းတိုင်များသာ အသုံးပြုကြပါသည်။

**(ဂ) သတင်းနှင့် ဆက်သွယ်ရေး**

သောင်ကြီးကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၂၁၂) လုံး၊ ရေဒီယို (၄၇) လုံး၊ တီဗွီ (၆၁) လုံး၊ ဂြိုလ်တုစလောင်း (၄၈) လုံး စသည်တို့မှ ရရှိသော်လည်းဖုန်းလိုင်းသိပ်မကောင်းသဖြင့် ဆက်သွယ်ရေးအချိန် ကြန့်ကြာမှုများ ကြုံတွေ့ရပါသည်။

**၆။ ပညာရေး**

သောင်ကြီးကျေးရွာရှိ မူလတန်းကျောင်းသာ ရှိသောကြောင့် ကျောင်းသား/သူများသည် တောကြီးကျေးရွာတွင် အလယ်တန်းထိ သွားရောက်သင်ကြားကြရပါသည်။ အထက်တန်းအဆင့်ကို သုဝဏ္ဏဝတီမြို့သို့ သွားရောက် ပညာသင်ကြားကြရပါသည်။ တက္ကသိုလ်တက်နေသည့် ကျောင်းသားကျောင်းသူများလည်း အနည်းငယ် ရှိပါသည်။ ကျေးရွာပိုင်မူလတန်းကျောင်း၏ လက်ရှိကျောင်းဆောင်တွင် အမိုး၊ နံရံ၊ အခင်းများမှာ အနည်းငယ်ပျက်စီးမှုများ ရှိသောကြောင့် ကလေးများပညာသင်ကြားရေးတွင် အခက်အခဲ အနည်းငယ်ရှိနေပါသည်။ ထို့ပြင် ကျောင်းသုံးပရိဘောဂများလည်း လုံလောက်မှုမရှိပါ။ ကလေးများလုံခြုံစွာ ပညာသင်ကြားနိုင်ရန်အတွက် ပျက်စီးနေသော ကျောင်းခြံစည်းရိုးများလည်း ပြုပြင်ရန် လိုအပ်နေပါသည်။ ကျောင်းအိမ်သာ အခြေအနေမှာလည်း မကောင်းမွန်ပါ။ မူလတန်းကျောင်းတွင် ဆရာဆရာမလုံလောက်ပြီး စီးပွားရေး အဆင်မပြေသော အိမ်ထောင်စုများသဖြင့် မူလတန်းအောင်ပြီးပါက ပညာဆက်လက် သင်ကြားရန် အခက်အခဲရှိသောကြောင့် ကျောင်းထွက်နှုန်းများပါသည်။

ကျေးရွာတွင် စာမတတ်သည့် လူဦးရေ အများစုမှာ သက်ကြီးရွယ်အိုများ ဖြစ်ကြပါသည်။ မူလတန်းအဆင့် စာတတ်မြောက်သည့် လူဦးရေမှာ (၆၆.၁၁) ရာခိုင်နှုန်းအထိ များ

ပြားခြင်း၊ အလယ်တန်းအဆင့် စာတတ်မြောက်သူများမှာ (၁၅.၉၈) ရာခိုင်နှုန်း၊ အထက်တန်းအဆင့် စာတတ်မြောက်သူများမှာ (၅.၄၁) ရာခိုင်နှုန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်သူမှာ (၂.၁၉) ရာခိုင်နှုန်းတို့ ရှိခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လူ့စွမ်းအား အရင်းအမြစ်ကောင်းများ ဖြစ်ကြပါသည်။

## ၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျေးရွာတွင် ကျန်းမာရေးဦးစီးဌာနမှ နှစ်စဉ်နှစ်တိုင်း ကျေးရွာအထိ လိုအပ်သည့် ကာကွယ်ဆေးများအား လာရောက်ထိုးပေးလျှက်ရှိပြီး၊ ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် ကျေးရွာရှိ ကလေးသူငယ်များအား ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး လာရောက်ထိုးနှံ ပေးခဲ့ပါသည်။ သောင်ကြီးကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ မရှိသည့်အတွက် ရွာနီးစပ်ကျေးရွာဖြစ်သည့်တောကြီးကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနသို့ သွားရောက်ကြရပါသည်။ သုဝဏ္ဏဝတီမြို့နှင့် အတော်အသင့်နီးသောကြောင့် ကျိုက္ကော်တိုက်နယ်ဆေးရုံသို့လည်း အလွယ်တကူ သွားလာနိုင်ပြီး အရေးပေါ်အခြေအနေတွင် သထုံမြို့နယ်ရှိ ခရိုင်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးနိုင်သဖြင့် အသက်အရွယ်ကြီးရင့်သူများမှလွဲ၍ ကျန်သူများအတွက် ကျန်းမာရေးနှင့် ပတ်သက်သည့် အခက်အခဲများ မရှိသလောက် ဖြစ်ပါသည်။

ကျေးရွာတွင် ရေတွင်း (၆) တွင်းသည် နွေရာသီတွင် ရေများခမ်းခြောက်လေ့ရှိပြီး တုံကင်တွင်း (၁၅) တွင်းမှာ တစ်နှစ်ပတ်လုံး အသုံးပြုနိုင်ပါသည်။ ဘုန်းကြီး ကျောင်းဝင်းအတွင်းရှိ (၁၈၀'x ၁၆၅') မြေသားရေကန်မှရေကို သောက်ရေအတွက် ဦးစားပေး အသုံးပြုကြပြီး၊ မိမိတို့အိမ်ဝင်းအတွင်းရှိ ရေကန်များမှ ရေများကို သုံးရေအတွက် အသုံးပြုကြပါသည်။ မိမိတို့ တစ်ရွာတည်း အသုံးပြုလျှင် လုံလောက်နိုင်သော်လည်း လယ်များအတွင်း နေထိုင်သူများမှပါ လာရောက်ခပ်ယူကြသဖြင့် နွေရာသီရောက်တိုင်း ရေရှားပါးမှုကို ကြုံတွေ့ရပါသည်။ ထို့ကြောင့် မြေသားရေကန်အတွင်းတွင် (၃၀'x ၂၅' x ၄') ရေတွင်းတစ်တွင်း ပြုလုပ်လိုကြပါသည်။ ကျေးရွာတွင် သန့်ရှင်းသော ယင်လုံအိမ်သာများကို အသုံးပြုသည့် အိမ်ထောင်စု အများအပြားရှိပြီး မသန့်ရှင်းသောယင်လုံအိမ်သာ အသုံးပြုသည့် အိမ်ထောင်စုမှာ အနည်းငယ်သာ ရှိပါသည်။

## ၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

သောင်ကြီးကျေးရွာတွင် အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စုများနှင့် လက်လုပ်လက်စားကျပန်းများ လုပ်ကိုင်သည့် အိမ်ထောင်စုများ အနည်းငယ်ရှိသဖြင့် ၄င်းအိမ်ထောင်စုများသည် သဘာဝဘေးနှင့် စားနပ်ရိက္ခာမဖူလုံသည့် အခြေအနေများ ကြုံတွေ့ပါက အခြားအိမ်ထောင်စုများထက်ပို၍ ထိခိုက်ခံစားလွယ်နိုင်ပါသည်။ မိုးရာသီတွင် ဘီးလင်းချောင်းအတွင်းမှ ဆားငန်ရေများ ဝင်ရောက်မှုကြောင့် လယ်စိုက်ခင်းများ ပျက်စီး

သဖြင့် စပါးများပြန်စိုက်ရသောကြောင့် အချိန်ကုန်၊ ငွေကုန်သဖြင့် စိုက်ပျိုးရေးအတွက် ကုန်ကျစရိတ်များပြားပြီး စားနပ်ရိက္ခာဖူလုံမှု အနည်းငယ် လျော့နည်းပါသည်။ လျှပ်စစ်မီး မရရှိသောကြောင့် လောင်စာအတွက် ထင်း၊ မီးသွေးတို့ကို အသုံးပြုကြသဖြင့် သစ်တော ပြုန်းတီးမှုကို သက်ရောက်စေပါသည်။ တီဘီရောဂါလူနာ အနည်းငယ် ရှိပါသည်။ ရာသီကူး ပြောင်းမှုများတွင် ခွာနာလျှာနာစသည့် တိရိစ္ဆာန်ရောဂါများ ဖြစ်ပွားလေ့ရှိပြီး၊ ကြက်၊ ဝက် ဆိုင်ရာရောဂါများ ဖြစ်ပွားမှု အနည်းငယ် တွေ့ရပါသည်။ ကျေးရွာအတွင်း အမှိုက်များ စွန့်ပစ်မှု စနစ်တကျဖြစ်စေရန် စီမံခန့်ခွဲမှု၊ နိုးဆော်မှုများ လိုအပ်နေပါသည်။

## ၉။ ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

သောင်ကြီးကျေးရွာ၏ ကျေးရွာစီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသမီးများ ပါဝင်မှု အားနည်း သော်လည်း ကျေးရွာဖွံ့ဖြိုးမှု လုပ်ဆောင်သည့် လုပ်ငန်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်နေကြောင်း လေ့လာတွေ့ရှိရ ပါသည်။ အမျိုးသမီး အကြမ်းဖက်မှုများ မရှိ သော်လည်း အကြမ်းဖက်မှုများတွင် ကာကွယ်ရမည့် တရားနည်းဥပဒေဆိုင်ရာ အသိပညာများ အားနည်းကြပါသည်။

## ၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

| ကျေးရွာအုပ်စုအမည် - သောင်ကြီး | | | ကျေးရွာအမည် - သောင်ကြီး | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| ၁ | စိုက်ပျိုးရေး | နည်းပညာ | ပိုးမွှား၊ ရောဂါကာကွယ်နှိမ်နင်းရေး နည်းပညာသင်တန်း/ဟောပြောပွဲများ စီစဉ်ဆောင်ရွက်ခြင်း။ | |
| ၂ | စိုက်ပျိုးရေး | ဈေးကွက် | စိုက်ပျိုးရေးလုပ်ငန်းကို စီးပွားရေးအမြင်ဖြင့် လုပ်ဆောင်နိုင်ရန် စီးပွားရေးအမြင် ဖွင့် သင်တန်းများ ပြုလုပ်ခြင်း။ | |
| ၃ | စိုက်ပျိုးရေး | စက်ကိရိယာ | လယ်ယာသုံး စက်ကိရိယာများ လုံလောက်စွာ အသုံးပြုနိုင်ရန် ပုဂ္ဂလိကလုပ်ငန်း ရှင်များနှင့် ချိတ်ဆက်ခြင်း။ | |
| ၄ | စိုက်ပျိုးရေး | နည်းပညာ | မြေဆီလွှာ ပြုပြင်ထိန်းသိမ်းနည်း သင်တန်းများ စီစဉ်ခြင်း။ | |
| ၅ | မွေးမြူရေးနှင့်ငါးလုပ်ငန်း_ မွေးမြူရေးဆေးပညာ | တိရိစ္ဆာန် မွေးမြူရေး | မြို့နယ် မွေး/ကုဌာနနှင့် ချိတ်ဆက်၍ စီးပွားဖြစ် မွေးမြူနည်းသင်တန်းများနှင့် ဝန်ဆောင်မှုများ ရရှိရန် ချိတ်ဆက်ခြင်း။ | |
| ၆ | ထုတ်ကုန်လုပ်ငန်းနှင့်အသေးစား_ အလတ်စားစီးပွားရေးလုပ်ငန်း များဆိုင်ရာ | ထုတ်ကုန်လုပ်ငန်းများ၊ SMLE | အသေးစား/အလတ်စား စီးပွားရေးကျွမ်းကျင်မှု သင်တန်းများ စီစဉ်ခြင်း။ | |
| ၇ | ထုတ်ကုန်လုပ်ငန်းနှင့်အသေးစား_ အလတ်စားစီးပွားရေးလုပ်ငန်းများ ဆိုင်ရာ | ထုတ်ကုန်လုပ်ငန်းများ၊ SMLE | စိတ်ပါဝင်စားသော မိသားစုများအတွက် ဒေသနှင့်သင့်လျော်သော အသက်မွေး ဝမ်းကျောင်း နည်းပညာသင်တန်းများ စီစဉ်ခြင်း | |
| ၈ | ငွေကြေး | အသေးစား | အသေးစား/အလတ်စား ဖွံ့ဖြိုးတိုးတက်လာစေရန် ချေးငွေရရှိနိုင်မည့်လိုအပ်ချက် များ ပြင်ဆင်ခြင်း။ | |
| ၉ | ငွေကြေး | အသေးစား | အသက်မွေးဝမ်းကျောင်း လုပ်ငန်းပေါ်မူတည်၍ အတိုးနှုန်းနည်းပြီး ကာလရှည် ထုတ်ချေးပေးနိုင်မည့် ချေးငွေနေရာများနှင့် ချိတ်ဆက်ခြင်း။ | |
| ၁၀ | ငွေကြေး | ရပ်ရွာအခြေပြု | မြစိမ်းရောင်ချေးငွေစီမံကိန်း ရရှိရန် ချိတ်ဆက်ခြင်း။ | |
| ၁၁ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | ကျောင်းဆောင် (၉၀'x ၃၀') အား ပြုပြင်ထိန်းသိမ်းမှု လုပ်ဆောင်ခြင်း။ | |

| ကျေးရွာအုပ်စုအမည် - သောင်ကြီး | | | ကျေးရွာအမည် - သောင်ကြီး | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| ၁၂ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | ကျောင်းသုံးပရိဘောဂများ (၃၀) စုံ ဖြည့်တင်းခြင်း။ | |
| ၁၃ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | အိမ်သာ (၄) လုံးတွင် အမိုးနှင့် တံခါးများ ပြင်ဆင်ခြင်း။ | |
| ၁၄ | ကျန်းမာရေး | ကျန်းမာရေးပညာပေး၊ ကျောင်းကျန်းမာရေး | ကျန်းမာရေးအသိပညာပေး ဟောပြောပွဲများ စီစဉ်ပေးခြင်း။ | |
| ၁၅ | ကျန်းမာရေး | ကျန်းမာရေးပညာပေး၊ ကျောင်းကျန်းမာရေး | သန့်ရှင်းသောအိမ်သာများ ပြောင်းလဲအသုံးပြုလာကြရန် အသိပညာပေးခြင်း။ | |
| ၁၆ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ကျေးရွာတွင်းလမ်းမကြီး (၃၆၀၄' x ၁၈' x ၆") အား ကျောက်ချောလမ်း (သို့) ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း။ | |
| ၁၇ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ရွာပြင်လမ်း (၃၆၀၀' x ၁၂' x ၆") အား မြေနီ/ကျောက်ကြမ်းလမ်းသို့ လုပ်ဆောင်ခြင်း။ | |
| ၁၈ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | သောင်ကြီး-တောကြီး ကျေးရွာချင်းဆက်လမ်း (၇၀၀၀' x ၁၈' x ၂') အား လမ်းချဲ့ထွင်ခြင်း။ | |
| ၁၉ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | သောင်ကြီး-ကတိုက်ကလေး (၃/၄ မိုင် x ၁၈' x ၈") အား ကျောက်ချောလမ်းသို့ အဆင့်မြှင့်တင်ခြင်း။ | |
| ၂၀ | အခြေခံအဆောက်အဦ | သောက်သုံးရေ | မြေသားရေကန်အတွင်းတွင် (၃၀'x ၂၅' x ၄') ရေတွင်းတစ်တွင်း ပြုလုပ်ခြင်း။ | |
| ၂၁ | လျှပ်စစ် | မဟာဓာတ်အားလိုင်း | ကျေးရွာလုံးကျွတ် လျှပ်စစ်မီး အသုံးပြုနိုင်ရန် ချိတ်ဆက်ဆောင်ရွက်ခြင်း။ | |
| ၂၂ | ဆက်သွယ်ရေး | ဆက်သွယ်ရေး | ဆက်သွယ်ရေး တာဝါတိုင် တည်ဆောက်ကြရန် ချိတ်ဆက်တင်ပြခြင်း။ | |
| ၂၃ | လူငယ်နှင့်အားကစား | လူငယ့်အခွင့်အလမ်း | လက်ရှိလူငယ်အဖွဲ့အား စွမ်းဆောင်ရည်မြင့်တင်ရေးသင်တန်းများ ပြုလုပ်ခြင်း။ | |
| ၂၄ | လူငယ်နှင့်အားကစား | လူငယ့်အခွင့်အလမ်း | ကျေးရွာပိုင် စာကြည့်တိုက်/ လေ့လာသင်ယူရန် နေရာတစ်ခု ဖန်တီးခြင်း။ | |
| ၂၅ | လူငယ်နှင့်အားကစား | အားကစား | သင့်တော်သော နေရာအား အားကစားကွင်း ပြုလုပ်နိုင်ရန် စုပေါင်းတိုင်ပင်ခြင်း | |
| ၂၆ | လူငယ်နှင့်အားကစား | အမျိုးသမီး | အမျိုးသမီးများအား တရား ဥပဒေဆိုင်ရာအသိပညာပေး ဟောပြောပွဲများ | |

| ကျေးရွာအုပ်စုအမည် - သောင်ကြီး | | | ကျေးရွာအမည် - သောင်ကြီး | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| | | | စီစဉ်ခြင်း။ | |
| ၂၇ | သယံဇာတနှင့်သဘာဝ ဝန်းကျင် | သဘာဝဘေး လျော့ချရေး | သဘာဝဘေးအန္တရာယ် လျော့ချရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲများ ပြုလုပ်ရန် သက်ဆိုင်ရာဌာန/အဖွဲ့အစည်းများအား ချိတ်ဆက်ခြင်း။ | |
| ၂၈ | | | | |
| ၂၉ | | | | |
| ၃၀ | | | | |
| ၃၁ | | | | |
| ၃၂ | | | | |
| ၃၃ | | | | |
| ၃၄ | | | | |
| ၃၅ | | | | |

နောက်ဆက်တွဲ (၁)

## သောင်ကြီးကျေးရွာ၊ သောင်ကြီးကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးစောလွင် | ဦးမောင်ထိန် | ၁၀/သထန(နိုင်) ၀၅၃၄၆၇ | ၆၀ | နာယက | ၀၉-၄၀၂၉၈၆၃၇၃ |
| ၂ | ဦးရွှေသန်း | ဦးချစ်တင် | ၁၀/သထန(နိုင်) ၀၃၂၇၁၈ | ၆၂ | နာယက | ၀၉-၇၉၂၅၇၆၅၄၄ |
| ၃ | ဦးငွေအောင် | ဦးမောင်ရှိန် | ၁၀/သထန(နိုင်) ၀၆၇၃၈၂ | ၆၄ | နာယက | ၀၉-၆၉၈၅၇၅၅၄၁ |
| ၄ | ဦးတင်ဖေ | ဦးဘမောင် | ၁၀/သထန(နိုင်) ၀၃၂၇၅၂ | ၇၃ | နာယက | ၀၉-၇၉၅၀၉၁၂၆၂ |
| ၅ | ဦးဇော်မင်းဆွေ | ဦးငွေကြည် | ၁၀/သထန(နိုင်) ၁၅၁၇၀၆ | ၃၁ | ဥက္ကဋ္ဌ | ၀၉-၇၈၇၃၂၀၄၅၇ |
| ၆ | ဦးအောင်သိန်း | ဦးမောင်ဝင်း | ၁၀/သထန(နိုင်) ၀၆၇၃၄၀ | ၅၆ | အတွင်းရေးမှူး | ၀၉-၇၆၀၄၉၁၄၆၉ |
| ၇ | ဦးကြည်လွင်စိုး | ဦးပန်ရွှေ | ၁၀/သထန(နိုင်) ၁၆၇၈၁၂ | ၃၅ | ဘဏ္ဍာရေးမှူး | ၀၉-၇၇၂၁၆၀၃၃၈ |
| ၈ | ဒေါ်ထားနွယ် | ဦးထွန်းကြည် | ၁၀/သထန(နိုင်) ၀၃၈၈၄၀ | ၅၀ | စာရင်းကိုင် | ၀၉-၇၉၀၉၉၁၂၂၈ |
| ၉ | ဦးအောင်ဇော် | ဦးသိန်းအောင် | ၁၀/သထန(နိုင်) ၀၈၃၇၂၀ | ၃၉ | အဖွဲ့ဝင် | ၀၉-၇၇၀၉၄၃၉၀၁ |
| ၁၀ | ဒေါ်ကေသီဦး | ဦးသိန်းကြည် | ၁၀/သထန(နိုင်) ၁၆၀၈၈၂ | ၃၈ | အဖွဲ့ဝင် | ၀၉-၇၉၃၄၅၀၉၀၃ |
| ၁၁ | ဦးဇော်ဝင်း | ဦးသန်းလွင် | ၁၀/သထန(နိုင်) ၁၈၈၇၅၀ | ၃၀ | အဖွဲ့ဝင် | ၀၉-၇၆၂၁၄၁၀၈၁ |
| ၁၂ | | | | | | |
| ၁၃ | | | | | | |
| ၁၄ | | | | | | |
| ၁၅ | | | | | | |

## ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

### (၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

### (က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၇ | ၅ | ၁၂ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၃၄ | ၂၄ | ၅၈ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၃၇ | ၃၆ | ၇၃ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၄၁ | ၄၀ | ၈၁ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၆၃ | ၂၆၅ | ၅၂၈ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၁၀ | ၁၄ | ၂၄ |
| စုစုပေါင်း | | ၃၉၂ | ၃၈၄ | ၇၇၆ |
| စုစုပေါင်း အိမ်ထောင်စု | | ၁၄၇ | | |

ရင်းမြစ်…(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။

**လေ့လာတွေ့ရှိချက်။** ။ သောင်ကြီးကျေးရွာတွင် အိမ်ထောင်စု (၁၄၇) စု၊ လူဦးရေ (၇၇၆) ဦး ရှိပါသည်။ ကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက်နို့စို့အရွယ် (၁.၅၅%)၊ ၅ နှစ်အောက် ကလေးအရွယ် (၇.၄၇%)၊ မူလတန်းကျောင်းသားအရွယ် (၉.၄၁%)၊ အလယ်တန်းကျောင်းသား အရွယ် (၁၀.၄၄%)၊ သက်ကြီးရွယ်ကြီး အရွယ် (၃.၀၉%) ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ် မလုပ်နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိ လူဦးရေ၏ (၃၁.၉၅)% ရှိပြီး အလုပ်လုပ်နိုင်သည့် အရွယ် ကျား (၂၆၃) ဦး၊ မ (၂၆၅) ဦး စုစုပေါင်း (၅၂၈) ဦးရှိပြီး တစ်ရွာလုံးလူဦးရေ၏ (၆၈.၀၅)% ရှိပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၅.၂၇) ဦးနှုန်း ရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅) ဦးနှုန်းထက် ပိုမိုနေပါသည်။ ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေ များပြားမှုကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်း အမြစ်ကောင်းများအဖြစ် ထောက်ပံ့မှုပေးနိုင်ပါသည်။

### (ခ) အလုပ်လုပ်နိုင်သူ အင်အား

### (ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃၄ | ၄၈ | – | မြင့် ☐ လတ်✓ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၄၀ | ၆၀ | ၂ | မြင့် ☐ လတ်✓ နိမ့် ☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | ၁ | မြင့် ☐ လတ်☐ နိမ့် ✓ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | ၁ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၃ | ၁၅ | ၇ | မြင့် ☐ လတ်✓ နိမ့် ☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | - | မြင့် ☐ လတ်☐ နိမ့် ✓ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၂ | - | မြင့် ☐ လတ်☐ နိမ့် ✓ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလုပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | - | မြင့် ☐ လတ်☐ နိမ့် ✓ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂၁ | ၂၈ | - | မြင့် ✓ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၃ | ၄ | ၃ | မြင့် ☐ လတ်✓ နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၂ | - | မြင့် ☐ လတ်✓ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | ၁ | မြင့် ☐ လတ်✓ နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | ၆ | ၆ | မြင့် ☐ လတ်✓ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | ၂ | ၁ | မြင့် ☐ လတ်✓ နိမ့် ☐ |
| ၁၄ | **ငွေရေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၄ | ၅ | ၆ | မြင့် ☐ လတ်✓ နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | ၁ | မြင့် ☐ လတ်✓ နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃ | ၃ | ၁ | တက္ကသိုလ်နှင့်နီးသော ကြောင့် ကိုယ်ပိုင် အဆောင်များဖွင့်ခြင်း |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၁၈ | ၃၃ | ၁၄၀ | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | **စုစုပေါင်း** | ၁၄၇ | ၂၁၃ | ၁၇၀ | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။ **'အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ'** အရေအတွက်တွင် **'မိသားစုဝင်လုပ်အား'** ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **'ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)'** ဆိုသည်မှာ ဖော်ပြပါ

လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဉပမာ - **'စိုက်ပျိုးရေး'** ကဏ္ဍ၏ **'ကိုယ်ပိုင်လုပ်ငန်း'**တွင် ရပ်တည်နိုင်မှု **'မြင့်'** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ သောင်ကြီးကျေးရွာတွင် စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်သည့် အိမ်ထောင်စုများနှင့် စိုက်ပျိုးရေးလုပ်ငန်းတွင် အလုပ်သမား/ဝန်ထမ်းအဖြစ် ဝင်ရောက်လုပ်ကိုင်နေကြသည့် အိမ်ထောင်စု ပိုမို များပြားပါသည်။ စီးပွားဖြစ် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သည့် အိမ်ထောင်စုများ မရှိသော်လည်း တစ်ပိုင်တစ်နိုင် အိမ်စားရုံမျှသာ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ကြသည်။ ဆောက်လုပ်ရေးလုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်ကြသူများ၊ ဝပ်ရှော့လုပ်ငန်းတွင် လုပ်ကိုင်သူများ၊ အပ်ချုပ်ဆိုင်၊ တစ်ပိုင်တစ်နိုင်ဈေးဆိုင်များ၊ လက်ဖက်ရည်ဆိုင်၊ ကား၊ ဆိုင်ကယ်၊ ထော်လာဂျီမောင်း၍ ခရီးသယ်များ ပို့ဆောင်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ကိုင်သူများ၊ ကျောင်းဆရာ/ဆရာမများ စသည်ဖြင့် လုပ်ကိုင်နေကြပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းနှင့် တစ်ပိုင်တစ်နိုင်ဈေးဆိုင်များသာများသဖြင့် အခြားအသက်မွေးမှုနည်းပညာများ တတ်မြောက်သည့် မိသားစုဝင်များနည်းပါးပြီး အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးသောကြောင့် တခြားပြင်ပနိုင်ငံများတွင် သွားရောက်လုပ်ကိုင်သူလည်း များပြားပါသည်။

### (ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၇,၀၀၀ | ၄,၅၀၀ | ၅,၀၀၀ | ၃,၅၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | - | - | - | - |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | - | - | - | - |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၀,၀၀၀ | ၅,၀၀၀ | ၇,၀၀၀ | ၃,၅၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | - | - | - | - |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | - | - | - | - |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | - | - | - | - |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | - | - | - | - |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်** (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။** ။လုပ်ငန်းများတွင် ဝင်ငွေခြားနားရခြင်းမှာ လုပ်ငန်းကျွမ်းကျင်မှုအပေါ် မူတည်ပြီး ကျား/မ ဝင်ငွေကွာခြားရခြင်းမှာလဲ လုပ်အားစိုက်ထုတ်နိုင်မှုအပေါ်တွင် မူတည်ပါသည်။ ပြင်ပတွင် သွားရောက်လုပ်ကိုင်သူများ၏ လုပ်ငန်းများကို မသိရှိသောကြောင့် လုပ်အားခ ပမာဏကို မသိရှိပါ။

## (ဂ) သဘာဝရင်းမြစ်များ

### (ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| လယ်မြေ | ၅၀၉ | ကောင်း ☐ သင့် ✓ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဓနိတောမြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စားကျက်မြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| မြေလွတ် မြေလပ် | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **စုစုပေါင်း** | **၅၀၉** | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

**လေ့လာတွေ့ရှိချက်။** ။ သောင်ကြီးကျေးရွာတွင် လယ် (၅၀၉) ဧက ရှိပြီး မြေဆီလွှာအရည်အသွေး အသင့်အတင့်သာ ကောင်းမွန်ပါသည်။ မြေဆီလွှာအချို့မှာ သက်တမ်းရှည် စိုက်ပျိုးခဲ့ပြီး ပြန်လည်ပြုပြင်မှု အားနည်းသောကြောင့် မြေဆီမြေနှစ်များ ကျဆင်း၍ စပါးအထွက်နှုန်း ကျဆင်းလာပါသည်။ သို့ဖြစ်၍ မြေဆီလွှာပြုပြင်ထိန်းသိမ်းနည်းဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲများ လုပ်ဆောင်ရန် လိုအပ်နေပါသည်။

### (ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ ☐ သင့်☐ နည်း ☐ မရှိ ✓ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ ☐ သင့်☐ နည်း ☐ မရှိ ✓ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့်☐ နည်း ✓ မရှိ ☐ | လွယ် ☐ ခက်✓ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☐ နည်း ✓ မရှိ ☐ | ☒ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ကျောက်၊ သဲနှင့် ကျောက်စရစ်များသည် ကျေးရွာ၏အနီးပတ်ဝန်းကျင်တွင် မရှိသော်လည်း သထုံမြို့အနီးရှိ ဒုံဝန်းကျေးရွာမှ ဝယ်ယူရရှိ အသုံးချနိုင်ပါသည်။

## (ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၅ ဧကအထက် | ၅ ဧကအောက် | ၅ ဧကအောက် | မရှိ |
| အိမ်အခြေအနေ | တိုက်အိမ် | သွပ်မိုး၊ ပျဉ်ထောင်၊ ပျဉ်ခင်း၊ပျဉ်ကာ | သွပ်မိုး၊ ပျဉ်ထောင်၊ ပျဉ်ခင်း၊ ပျဉ်ကာ၊ ဝါးအိမ် | ဖက်မိုး၊ ဖက်ကာ၊ ဝါးခင်း၊ ဝါးအိမ်တိုင် |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | ကား၊ ဆိုင်ကယ်၊ ထော် လာဂျီ၊ လက် တွန်းထွန်စက် | ကား၊ ဆိုင်ကယ်၊ ထော်လာဂျီ၊ လက်တွန်း ထွန်စက် | လက်တွန်း ထွန်စက်၊ ဆိုင်ကယ် | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | ရေခဲစက်၊ အဆောင်၊ စပါး၊ ရော်ဘာခြံ၊ဈေး ဆိုင်၊ စားသောက် ဆိုင် | စပါး၊ရော်ဘာခြံ၊ ဈေးဆိုင် | စပါး၊ ဆိုင်ကယ် ကယ်ရီ၊ ဘေးတွဲ၊ ကုန်စုံဆိုင် | ကြုံရာကျပန်း |
| **အိမ်ထောင်စု** | ၁၀ | ၃၂ | ၆၄ | ၄၁ |

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ သောင်ကြီးကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စု အနည်းငယ်သာရှိပြီး ကိုယ်ပိုင်စိုက်ပျိုးရေးနှင့် ဈေးဆိုင်လုပ်ငန်းများ လုပ်ကိုင်ကြသည်။ မပြေလည်သောအိမ်ထောင်စု

များသည် စိုက်ပျိုးရေး၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့် တစ်ပိုင်တစ်နိုင် ဈေးဆိုင်များဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည်။ အလွန်မပြေလည်သော အိမ်ထောင်စုများသည် ကောက်စိုက်၊ ပျိုးနုတ်စသည့် ရာသီလိုက် ကြုံရာကျပန်းလုပ်ငန်းများဖြင့် အသက်မွေးလုပ်ငန်း လုပ်ကိုင်ကြသည်။

## (င) ထိခိုက်လွယ်မှု

### (င-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဉစ္စာဓနအဆင့် '၃' နှင့် '၄' အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | **ဖြေရှင်းသည့် နည်းဗျူဟာ** (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ______<br>အစာလျှော့စား = ______<br>အထောက်အပံ့ယူ = ______<br>ချေးယူ = ______<br>လုပ်အားခကြိုယူ = ______ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ______<br>အစာလျှော့စား = ______<br>အထောက်အပံ့ယူ = ______<br>ချေးယူ = ______<br>လုပ်အားခကြိုယူ = ______ |
| ၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ______<br>အစာလျှော့စား = ______<br>အထောက်အပံ့ယူ = ______<br>ချေးယူ = ______<br>လုပ်အားခကြိုယူ = ______ |

ရင်းမြစ်..ဉစ္စာဓနအဆင့် '၃' နှင့် '၄' အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။** ။.......................................................................

.......................................................................................

.......................................................................................

.......................................................................................

.......................................................................................

.......................................................................................

.......................................................................................

.......................................................................................

.......................................................................................

## (၄-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | - | - | - |
| မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |
| | **အိမ်ထောင်စု အရေအတွက်** | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၆ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | - | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | ၅ | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။သောင်ကြီးကျေးရွာတွင် ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စု (၆) စု ရှိပြီး အခြားဒေသသို့ သွားရောက်နေထိုင် လုပ်ကိုင်သည့် အိမ်ထောင်စု (၅) စု ရှိပါသည်။ ကူညီစောင့်ရှောက်မှု အထူးလိုအပ်သည့် ဆင်းရဲသည့် အိမ်ထောင်စုများ မရှိသော်လည်း အများစုသည် ဆွေမျိုးတော်စပ်ကြသောကြောင့် အရေးပေါ်ကိစ္စရပ်များတွင် တစ်ဦးနှင့်တစ်ဦး ဝိုင်းဝန်းကူညီ ကြပါသည်။

## (၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | **ထိခိုက်လွယ်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☐ လတ် ✓ နိမ့် ☐ မရှိ ☐ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် ☐ လတ် ☐ နိမ့် ✓ မရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓ |
| ၆ | မုန်တိုင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓ |
| ၇ | လျှပ်စီး | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓ |
| ၈ | မီးဘေး | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ လတ် ☐ နိမ့် ✓ မရှိ ✓ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐ လတ် ☐ နိမ့် ✓ မရှိ ☐ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓ |
| ၁၃ | တီဘီရောဂါ | မြင့် ☐ လတ် ☐ နိမ့် ✓ မရှိ ☐ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် ☐ လတ် ☐ နိမ့် ✓ မရှိ ☐ |

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ သောင်ကြီးကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား လုပ်ကိုင်ကြပါသည်။ မိုးရာသီတွင် ဘီးလင်းချောင်းအတွင်းမှ ဆားငန်ရေများ ဝင်ရောက်မှုကြောင့် လယ်စိုက်ခင်းများ ပျက်စီးသဖြင့် စပါးများပြန်စိုက်ရသောကြောင့် အချိန်ကုန်၊ ငွေကုန်သဖြင့် စိုက်ပျိုးရေးအတွက် ကုန်ကျစရိတ်များပြားပြီး စားနပ်ရိက္ခာဖူလုံမှု အနည်းငယ် လျော့နည်းပါသည်။ လျှပ်စစ်မီး မရရှိသောကြောင့် လောင်စာအတွက် ထင်း၊ မီးသွေးတို့ကို အသုံးပြုကြသဖြင့် သစ်တောပြုန်းတီးမှုကို သက်ရောက်စေပါသည်။ တီဘီရောဂါလူနာ အနည်းငယ် ရှိပါသည်။ ရာသီကူးပြောင်းမှုများတွင် ချွဲနာလျှာနာစသည့် တိရစ္ဆာန်ရောဂါများ ဖြစ်ပွားလေ့ရှိပြီး၊ ကြက်၊ ဝက်ဆိုင်ရာရောဂါများ ဖြစ်ပွားမှု အနည်းငယ် တွေ့ရပါသည်။

## (င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် ☐ လတ် ☐ နိမ့်✓ မရှိ ☐ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် ☐ လတ် ✓ နိမ့်☐ မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | မြင့် ✓ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၅ | ဆေးစွဲသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၈ | နေရပ်ပြန် အခြေချသူများ | မြင့် ☐ လတ် ☐ နိမ့်✓ မရှိ ☐ |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | မြင့် ✓ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၂၀ | ကားမောင်းပြီး အသက်မွေးသူများ | မြင့် ☐ လတ် ☐ နိမ့်✓ မရှိ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ သောင်ကြီးကျေးရွာတွင် အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စုများနှင့် လက်လုပ်လက်စားကျပန်းများ လုပ်ကိုင်သည့် အိမ်ထောင်စုများ အနည်းငယ် ရှိသဖြင့် ၄င်းအိမ်ထောင်စုများသည် သဘာဝဘေးနှင့် စားနပ်ရိက္ခာမဖူလုံသည့် အခြေအနေများ ကြုံတွေ့ပါက အခြားအိမ်ထောင်စုများထက်ပို၍ ထိခိုက်ခံစားလွယ်နိုင်ပါသည်။ မိမိနေရပ်တွင် အသက်မွေးဝမ်းကျောင်း လုပ်ကိုင်ရန်အတွက် အခွင့်အလမ်းနည်းပါးခြင်း၊ အသက်မွေးမှုနည်းပညာ အားနည်းခြင်းတို့ကြောင့် ရွှေ့ပြောင်းသွားလာနေထိုင်သည့် အိမ်ထောင်စုများရခြင်း ဖြစ်ပါသည်။

## (၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

## (က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

### (က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ် ခု ကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | အုပ်ချုပ်ရေး | ၁☐ ၂✓ ၃☐ | ၉ | – | ၉ | ပညာရေး ✓ ငွေကြေး ☐<br>ကျန်းမာရေး ✓ ဘာသာရေး ✓<br>စိုက်ပျိုးမွေးမြူရေး ✓<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး ✓ | ကောင်း ✓<br>သင့် ☐<br>ညံ့ ☐ |
| ၂ | လူမှုကူညီ ရေးအသင်း | ၁☐ ၂✓ ၃☐ | ၆ | ၁ | ၇ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ✓<br>ညံ့ ☐ |
| ၃ | ရပ်မိရပ်ဖ | ၁☐ ၂✓ ၃☐ | ၆ | – | ၆ | ပညာရေး ✓ ငွေကြေး ☐<br>ကျန်းမာရေး ✓ ဘာသာရေး ✓<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး ✓ | ကောင်း ☐<br>သင့် ✓<br>ညံ့ ☐ |
| ၄ | ကာလသား | ၁☐ ၂✓ ၃☐ | ၂၀ | - | ၂၀ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ✓<br>ညံ့ ☐ |
| ၅ | ကာလသမီး | ၁☐ ၂✓ ၃☐ | - | ၂၀ | ၂၀ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ✓<br>ညံ့ ☐ |
| ၆ | ကျောင်း အကျိုးတော် ဆောင်အဖွဲ့ | ၁☐ ၂✓ ၃☐ | ၄ | ၂ | ၆ | ပညာရေး ✓ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ✓<br>ညံ့ ☐ |
**လေ့လာတွေ့ရှိချက်။** ။ ကျန်းမာရေးဦးစီးဌာနမှ နှစ်စဉ်နှစ်တိုင်း ကျေးရွာအထိ လိုအပ်သည့် ကာကွယ်ဆေးများအား လာရောက်ထိုးပေးလျှက်ရှိပြီး၊ ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် ကျေးရွာရှိ ကလေးသူငယ်များအား ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး လာရောက်ထိုးနှံ ပေးခဲ့ပါသည်။

## (၉-၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၃၆) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာအဝေး (မိုင်) | အခန်း/ကုတင် လုံလောက်မှု |
|---|---|---|
| ကျေးလက်ကျန်းမာရေး ဌာနခွဲ (တောကြီး) | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ✓<br>၃ မိုင် မှ ၅ မိုင် ☐ | ရှိ ☐<br>မရှိ ✓ |

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာအဝေး (မိုင်) | အခန်း/ကုတင် လုံလောက်မှု |
|---|---|---|
| | ၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☐ | |
| တိုက်နယ် ဆေးရုံ (သုဝဏ္ဏဝတီမြို့) | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ✓ | ရှိ ✓<br>မရှိ ☐ |
| မြို့နယ် ဆေးရုံ (သထုံ) | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ✓ | ရှိ ✓<br>မရှိ ☐ |
| ဆေးဆိုင် | ရွာတွင် (သို့မဟုတ်) ရွာအနီး အနားတွင် ဆေးဆိုင် ရှိသည် ☐<br><br>ရွာတွင် (သို့မဟုတ်) ရွာအနီး အနားတွင် ဆေးဆိုင် မရှိပါ ✓ | ဆေးဆိုင်တွင် ဆေးဝါးများကို စနစ်တကျ သိုလှောင်ထားသည် ☐<br><br>ဆေးဆိုင်တွင် ဆေးဝါးများကို စနစ်တကျ သိုလှောင်ထားခြင်း မရှိပါ ✓ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။သောင်ကြီးကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ မရှိသည့်အတွက် ရွာနီးစပ်ကျေးရွာဖြစ်သည့် တောကြီးကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနသို့ သွားရောက်ကြရပါသည်။ သုဝဏ္ဏဝတီမြို့နှင့် အတော်အသင့်နီးသောကြောင့် ကျိုက္ကော်တိုက်နယ်ဆေးရုံသို့လည်း အလွယ်တကူ သွားလာနိုင်ပြီး အရေးပေါ်အခြေအနေတွင် သထုံမြို့နယ်ရှိ ခရိုင်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးနိုင်သဖြင့် အသက်အရွယ်ကြီးရင့်သူများမှလွဲ၍ ကျန်သူများအတွက် ကျန်းမာရေးနှင့် ပတ်သက်သည့် အခက်အခဲများ မရှိသလောက် ဖြစ်ပါသည်။

## (ဈ) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

### (ဈ-၁) သောက်သုံးရေ ရရှိမှု

ဇယား (၃၇) သောက်သုံးရေ ရရှိနိုင်မှု

| ရေရရှိနိုင်မှု | အသုံးပြုသော အိမ်ထောင်စု | **သောက်သုံးရေ အရည်အသွေး စမ်းသပ် စစ်ဆေးထားမှု** (စနစ်တကျ စမ်းသပ်စစ်ဆေး ထားမှု ရှိပါက ‘ရှိ’၊ မရှိပါက ‘မရှိ’ ) | **ရေ အရည်အသွေး** (သောက်သုံးရေ အရည်အသွေး စမ်းသပ်စစ်ဆေးထားမှုတွင် ‘ရှိ’ ဟု ဖြေဆို ထားပါက ဖြေဆိုရန်။ ‘မရှိ’ ဟု ဖြေဆိုထားပါက ဖြေရန်မလို) | **သောက်သုံးရေ ရရှိနိုင်မှုနှင့် လုံလောက်မှု အခြေအနေ** (ရာသီမရွေး ရပါကနွေ၊ မိုးနှင့် ဆောင်း ရာသီသုံးမျိုးလုံးကို ရွေးပေးပါရန်) |
|---|---|---|---|---|

| ရေရရှိနိုင်မှု | အသုံးပြုသော အိမ်ထောင်စု | သောက်သုံးရေ အရည်အသွေး စမ်းသပ် စစ်ဆေးထားမှု (စနစ်တကျ စမ်းသပ်စစ်ဆေး ထားမှု ရှိပါက 'ရှိ'၊ မရှိပါက 'မရှိ' ) | ရေ အရည်အသွေး (သောက်သုံးရေ အရည်အသွေး စမ်းသပ်စစ်ဆေး ထားမှုတွင် 'ရှိ' ဟု ဖြေဆို ထားပါက ဖြေဆိုရန်။ 'မရှိ' ဟု ဖြေဆိုထားပါက ဖြေရန်မလို) | သောက်သုံးရေ ရရှိနိုင်မှုနှင့် လုံလောက်မှု အခြေအနေ (ရာသီမရွေး ရပါက နွေ၊ မိုးနှင့် ဆောင်း ရာသီသုံးမျိုးလုံးကို ရွေးပေးပါရန်) |
|---|---|---|---|---|
| ရေတွင်း | ၆ | ရှိ☐ မရှိ✓ | ကောင်း☐ သင့်☐ ညံ့☐ | နွေ ☐<br>မိုး ✓<br>ဆောင်း ✓ |
| အဝီစိတွင်း/ စက်တပ် | - | ရှိ☐ မရှိ☐ | ကောင်း☐ သင့်☐ ညံ့☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |
| အဝီစိတွင်း/ တုံကင် | ၁၅ | ရှိ☐ မရှိ✓ | ကောင်း☐ သင့်☐ ညံ့☐ | နွေ ✓<br>မိုး ✓<br>ဆောင်း ✓ |
| မိုးရေ သိုလှောင်ကန် | - | ရှိ☐ မရှိ☐ | ကောင်း☐ သင့်☐ ညံ့☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |
| မြစ်/ချောင်းရေ | - | ရှိ☐ မရှိ☐ | ကောင်း☐ သင့်☐ ညံ့☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |
| ရေကန် | ၁၃၀ | ရှိ☐ မရှိ✓ | ကောင်း☐ သင့်☐ ညံ့☐ | နွေ ✓<br>မိုး ✓<br>ဆောင်း ✓ |
| စိမ့်စမ်းရေ | - | ရှိ☐ မရှိ☐ | ကောင်း☐ သင့်☐ ညံ့☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

**လေ့လာတွေ့ရှိချက်။** ။ သောင်ကြီး ကျေးရွာတွင် ရေတွင်း (၆) တွင်းသည် နွေရာသီတွင် ရေများ ခမ်းခြောက်လေ့ရှိပြီး တုံကင်တွင်း (၁၅) တွင်းမှာ တစ်နှစ်ပတ်လုံး အသုံးပြုနိုင်ပါသည်။ ဘုန်းကြီး ကျောင်းဝင်းအတွင်းရှိ (၁၈၀'x ၁၆၅') မြေသားရေကန်မှရေကို သောက်ရေအတွက် ဦးစားပေး အသုံးပြုကြပြီး၊ မိမိတို့အိမ်ဝင်းအတွင်းရှိ ရေကန်များမှ ရေများကို သုံးရေအတွက် အသုံးပြုကြ ပါသည်။ မိမိတို့ တစ်ရွာတည်း အသုံးပြုလျှင် လုံလောက်နိုင်သော်လည်း လယ်များအတွင်းနေထိုင် သူများမှပါ လာရောက်ခပ်ယူကြသဖြင့် နွေရာသီရောက်တိုင်း ရေရှားပါးမှုကို ကြုံတွေ့ရပါသည်။ ထို့ကြောင့် မြေသားရေကန်အတွင်းတွင် (၃၀'x ၂၅' x ၄') ရေတွင်းတစ်တွင်း ပြုလုပ်လိုကြပါသည်။

**(၈-၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)**

ဇယား (၃၈) အိမ်သာ အမျိုးအစား

| သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု |
|---|---|
| **သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |

| သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု |
|---|---|
| ရေဆွဲ အိမ်သာ | - |
| ရေလောင်း/ယင်လုံအိမ်သာ | ၁၃၀ |
| **မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| တွင်း/ဇလားအိမ်သာ | ၁၁ |
| တွင်းမရှိ အိမ်သာ | ၅ |
| အိမ်သာမရှိ | ၁ |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ သောင်ကြီးကျေးရွာတွင် သန့်ရှင်းသော ယင်လုံအိမ်သာများကို အသုံးပြုသည့် အိမ်ထောင်စု အများအပြားရှိပြီး မသန့်ရှင်းသောယင်လုံအိမ်သာ အသုံးပြုသည့် အိမ်ထောင်စုမှာ အနည်းငယ်သာ ရှိပါသည်။

## (ည) ကျား – မ ရေးရာ

ဇယား (၃၉) ကျား –မ ရေးရာ

| # | ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ | ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန် | |
|---|---|---|---|
| ၁ | ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု | ရှိ ☐ | မရှိ ✓ |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု | ရှိ ✓ | မရှိ ☐ |
| ၃ | လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ | ရှိ ☐ | မရှိ ✓ |
| ၄ | အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိအမြင်ရှိမှု | ရှိ ✓ | မရှိ ☐ |

ရင်းမြစ် (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။သောင်ကြီးကျေးရွာ၏ ကျေးရွာစီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသမီးများ ပါဝင်မှုအားနည်းသော်လည်း ကျေးရွာဖွံ့ဖြိုးမှု လုပ်ဆောင်သည့် လုပ်ငန်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်နေကြပါသည်။ အမျိုးသမီး အကြမ်းဖက်မှုများ မရှိသော်လည်း အကြမ်းဖက်မှုများတွင် ကာကွယ်ရမည့် တရားနည်းဥပဒေဆိုင်ရာ အသိပညာများ အားနည်းကြပါသည်။

## (ဋ) အခြေခံ အဆောက်အဦများ အခြေအနေ

### (ဋ-၁) ကျေးရွာ၏ လမ်းတည်ရှိမှု

ဇယား (၄၀) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

| လမ်း အမျိုးအစား | အမျိုး အစား | အရည်အသွေး | တည်ဆောက်ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|---|

| လမ်း အမျိုးအစား | အမျိုး အစား | အရည်အသွေး | တည်ဆောက်ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|---|
| ရွာတွင်းလမ်း | ၁✓ ၂☐ ၃☐<br>၄☐ ၅☐ | ကောင်း☐<br>သင့် ✓<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက်☐ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး✓ | ၀–၁ မိုင် ☐<br>၁–၅ မိုင် ☐<br>၅–၁၀ မိုင် ☐<br>၁၀မိုင်အထက်☐ |
| ချဉ်းကပ်လမ်း | ၁☐ ၂☐ ၃☐<br>၄☐ ၅☐ | ကောင်း☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက်☐ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး☐ | ၀–၁ မိုင် ☐<br>၁–၅ မိုင် ☐<br>၅–၁၀ မိုင် ☐<br>၁၀မိုင်အထက်☐ |
| ရွာချင်းဆက်လမ်း | ၁✓ ၂☐ ၃☐<br>၄☐ ၅☐ | ကောင်း☐<br>သင့် ✓<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက်✓ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး✓ | ၀–၁ မိုင် ☐<br>၁–၅ မိုင် ☐<br>၅–၁၀ မိုင် ☐<br>၁၀မိုင်အထက်☐ |

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။** ။မြေသားလမ်း -၁၊ ကျောက်ခင်းလမ်း -၂၊ ကျောက်ချောလမ်း -၃၊ကွန်ကရစ်လမ်း -၄၊ကတ္တရာလမ်း -၅

**လေ့လာတွေ့ရှိချက်။** ။ သောင်ကြီးကျေးရွာအတွင်းရှိ ရွာတွင်းလမ်းများသည် မြေသားလမ်းများ ဖြစ်ပါသည်။ မြေသားလမ်းများမှာ မိုးတွင်းကာလများတွင် လမ်းများပေါ်သို့ ရေကျော်ပြီး ဗွက်များ၊ ချိုင့်များဖြစ်ကာ သွားလာရ အဆင်မပြေမှုများ ရှိနေပါသည်။ ကျေးရွာချင်းဆက်လမ်းမကြီးမှာလည်း မြေသားလမ်းဖြစ်ပြီး မိုးတွင်းကာလများတွင် လမ်းများပေါ်သို့ ရေကျော်ပြီး ဗွက်များ၊ ချိုင့်များ ဖြစ်ကာ သွားလာရ အဆင်မပြေမှုများ ရှိနေပါသည်။

## (၄-၂) ကျေးရွာ၏ တံတားတည်ရှိမှု

ဇယား (၄၁) ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ

| တံတား အမျိုးအစား | အရွယ်အစား (အလျား၊အနံ၊အမြင့်) | အရည်အသွေး | တည်ဆောက်ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|---|---|
| ဆိပ်ခံတံတား | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |
| ကွန်ကရစ် တံတား | ၈ စင်း<br>(၈'x ၁.၅' x ၃') - ၄ စင်း | ကောင်း ☐<br>သင့် ✓<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ✓ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး ✓ |
| သစ်သား တံတား | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |
| ကြိုးတံတား | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |

| တံတား အမျိုးအစား | အရွယ်အစား (အလျား၊အနံ၊အမြင့်) | အရည်အသွေး | တည်ဆောက်ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|---|---|
| ဝါးတံတား | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |
| ရေပြွန် | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |
| ရေကျော် | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ သောင်ကြီး ကျေးရွာတွင်းလမ်းများတွင် ကွန်ကရစ်တံတား (၄) စင်း၊ ရွာမြောက်ဘက် ရွာချင်းဆက်ချောင်းကူးတံတား (၁) စင်း၊ ရွာအနောက်ဘက် ကုန်ထုတ်လမ်းတွင် တံတား (၁) စင်း၊ တောကြီး-သောင်ကြီး-ကတိုက်ကလေး ရွာချင်းဆက်လမ်းတွင် (၂) စင်း၊ စုစုပေါင်းတံတား (၈) စင်း ရှိပါသည်။ ကားကြီးများဖြတ်သန်းသွားလာခြင်း မရှိသောကြောင့် ပျက်စီးမှု လျော့နည်းပါသည်။

## (၄-၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၄၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက်ရှိ **အသုံးမပြုပါ** အကွက်တွင် ✓ ခြစ်ပါ)။

| သယ်ယူပို့ဆောင်ရေး | အကွာအဝေး (မိုင်) | ယာဉ်အမျိုးအစား | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|---|
| မြစ်ကြောင်း | ၀ မှ ၁၀ မိုင် ✓<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ✓ | ၁ ✓ ၂ ✓ ၃ ☐ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ✓ |
| ပင်လယ်ရေကြောင်း | ၀ မှ ၁၀ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ✓ | ၁ ☐ ၂ ☐ ၃ ☐ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။** ၁ “ လှေ၊ သမ္ဗာန်၊ ၂ - စက်လှေ၊ ၃ - သင်္ဘော။

**လေ့လာတွေ့ရှိချက်။** ။ သောင်ကြီးကျေးရွာ၏ သယ်ယူပို့ဆောင်ရေးတွင် ရေကြောင်းကို အသုံး မပြုဘဲ ကားလမ်းကိုသာ ဦးစားပေး အသုံးပြုပါသည်။ ငါးဖမ်းဆီးရာနှင့် သယ်ယူရာတွင် စက်လှေ နှင့်သမ္ဗာန်များ အသုံးပြုကြပါသည်။

## (၃-၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | လှေ၊ သမ္ဗာန် | စက်လှေ | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ် | ထော်လာဂျီ | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|---|
| အရေအတွက် | ၂ | ၂ | ၁၃၁ | ၃၉ | ၁ | ၅ | ၅ | – | – |

ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ သောင်ကြီးကျေးရွာတွင် ကားမောင်းခြင်း၊ ဆိုင်ကယ်ကယ်ရီ မောင်းခြင်း လုပ်ငန်းများကို လုပ်ကိုင်သည့် အိမ်ထောင်စု အနည်းငယ်ရှိပါသည်။ ကျေးရွာတွင် ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်၊ ထော်လာဂျီများဖြင့် သယ်ယူပို့ဆောင်ရေးအတွက် အသုံးပြုနေကြပါသည်။

## (၅) လျှပ်စစ်မီးရရှိမှု

ဇယား (၄၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

| ရင်းမြစ် | အိမ်ထောင်စု | ပြုပြင်ထိန်းသိမ်းရေးစနစ် | အခက်အခဲ |
|---|---|---|---|
| မဟာဓာတ်အားလိုင်း | – | ကောင်း☐ သင့်☐ ညံ့ ✓ မဖြေဆို☐ | ရှိ ☐ မရှိ✓ |
| ဆိုလာစနစ် | ၁၃၅ | ကောင်း☐ သင့်✓ ညံ့ ☐ မဖြေဆို☐ | ရှိ ✓ မရှိ☐ |
| အသေးစားရေအားလျှပ်စစ် | – | ကောင်း☐ သင့်☐ ညံ့ ☐ မဖြေဆို☐ | ရှိ ☐ မရှိ☐ |
| ဒီဇယ်သုံးအင်ဂျင် | ၅ | ကောင်း☐ သင့်☐ ညံ့ ☐ မဖြေဆို☐ | ရှိ ☐ မရှိ✓ |
| လေစွမ်းအင် | – | ကောင်း☐ သင့်☐ ညံ့ ☐ မဖြေဆို☐ | ရှိ ☐ မရှိ☐ |
| ဇီဝလောင်စာ | – | ကောင်း☐ သင့်☐ ညံ့ ☐ မဖြေဆို☐ | ရှိ ☐ မရှိ☐ |
| အမျိုးအမည်ခွဲခြား ဖော်ပြခြင်းမပြုနိုင်သော လျှပ်စစ်ဓာတ်အားပေးစနစ် | ၁၂ | ကောင်း☐ သင့်✓ ညံ့ ☐ မဖြေဆို☐ | ရှိ ☐ မရှိ✓ |
| လျှပ်စစ်မီး အသုံးမပြုနိုင်သော | – | ☒ | ☒ |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ သောင်ကြီးကျေးရွာတွင် မဟာဓာတ်အားလိုင်းချိတ်ဆက်မှု မရှိသော ကြောင့် အသေးစားလုပ်ငန်းငယ်များ မပြုလုပ်နိုင်ဘဲ၊ ကျောင်းသားကျောင်းသူများ စာလေ့လာရာ တွင် အခက်အခဲများ ရှိပါသည်။ လုပ်ငန်းများလုပ်ရာတွင် ကြန့်ကြာမှုများ ကြုံတွေ့ရပါသည်။ ကျေးရွာတွင် အိမ်ထောင်စု အများစုသည် ဆိုလာမီးကို အသုံးများပြီး အချို့အိမ်များတွင်ဆိုလာမီး (သို့) လက်ဆွဲမီးစက်ငယ်ကို တွဲ၍အသုံးပြုကြပါသည်။ ကျန်အိမ်ထောင်စုများမှာ ရေနံဆီ မီးအိမ်၊ ဖယောင်းတိုင်များသာ အသုံးပြုကြပါသည်။

### (ဍ) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၄၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ | ဂြိုလ်တုစလောင်း |
|---|---|---|---|---|
| **အရေအတွက်** | ၂၁၂ | ၄၇ | ၆၁ | ၄၈ |

ရင်းမြစ်… အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ သောင်ကြီးကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း၊ ရေဒီယို၊ တီဗွီ၊ ဂြိုလ်တုစလောင်း စသည်တို့မှ ရရှိသော်လည်း ဖုန်းလိုင်းသိပ်မကောင်းသဖြင့် ဆက်သွယ်ရေးအချိန် ကြန့်ကြာမှုများ ကြုံတွေ့ရပါသည်။

### (ဎ) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး

ဇယား (၄၆) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

| ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး ဆိုင်ရာများ | ဝန်ဆောင်မှု |
|---|---|
| လူငယ်များ အနားယူ အပန်းဖြေရန် နေရာများ ပျော်ပွဲရွှင်ပွဲများ ရှိခြင်း | ရှိ ☐ မရှိ✓ မဖြေဆိုပါ☐ |
| လူမှုရေးလုပ်ငန်းများတွင် ပါဝင်မှု | ကောင်း✓ သင့်☐ ညံ့☐ မဖြေဆိုပါ☐ |
| ဘာသာရေးလုပ်ငန်းများတွင် ပါဝင်မှု | ကောင်း✓ သင့်☐ ညံ့☐ မဖြေဆိုပါ☐ |
| အားကစားနှင့် ကာယလေ့ကျင့်ခန်းများ ပြုလုပ်ရန်နေရာနှင့် အထောက်အကူပြုပစ္စည်းများ ရှိခြင်း | ကောင်း☐ သင့်☐ ညံ့✓ မဖြေဆိုပါ☐ |
| ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်မှု | ကောင်း✓ သင့်☐ ညံ့☐ မဖြေဆိုပါ☐ |
| ရိုးရာဓလေ့ထုံးစံများနှင့် ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ခြင်းတွင် ပါဝင်မှု | မရှိ ☐ နည်း ✓ များ☐ |
| စိတ်ဝင်စားရာများကို မိမိကိုယ်တိုင် လေ့လာသင်ယူနိုင်မည့်နေရာများ၊ လူငယ်ရိပ်သာများ၊ စာကြည့်တိုက်များ စသည်တို့တွင် ဝင်ရောက် လေ့လာသင်ယူနိုင်ခြင်း | ရှိ ☐ မရှိ ✓ မဖြေဆိုပါ ☐ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။သောင်ကြီးကျေးရွာတွင် လူငယ်များသည် ကျေးရွာပိုင်အားကစားကွင်းပြုလုပ်ရန်အတွက် မြေနေရာဝယ်ယူရန် ငွေကြေးမလုံလောက်သဖြင့် အိမ်နီးချင်းရွာများတွင်သာ သွားရောက်ကစားကြရပါသည်။ ထို့အပြင် ကျေးရွာတွင် စာကြည့်တိုက်ကဲ့သို့ ဗဟုသုတလေ့လာရာနေရာမရှိသည့်အပြင် လူငယ်များမှာလည်း စာဖတ်ခြင်းတွင် အားနည်းကြပါသည်။ လူငယ်များသည် ကာလသား၊ ကာလသမီးအဖွဲ့များ ဖွဲ့စည်းကာကျေးရွာ၏ သာရေးနာရေး၊ ကျေးရွာဖွံ့ဖြိုးရေး၊ ဘာသာရေး၊ ပရဟိတလုပ်ငန်းများတွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်နေကြပါသည်။

### (ဏ) ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး အခြေအနေ

### (ဏ-၁) လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီမှု

ဇယား (၄၇) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

| ဝန်ဆောင်မှုများ | ရှင်းလင်းချက် |
|---|---|
| တယ်လီဖုန်းလိုင်း၊ တယ်လီဖုန်းတာဝါတိုင်များ၊ ကြေးနန်း | ရှိ ☐ မရှိ ✓ မဖြေဆိုပါ ☐ |

| ဝန်ဆောင်မှုများ | ရှင်းလင်းချက် |
|---|---|
| လိုင်း၊ အင်တာနက်လိုင်း၊ ရုပ်မြင်သံကြားလိုင်း၊ ရေဒီယိုလိုင်း စသော ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် ဖြန့်ဝေခြင်း ဆိုင်ရာ အထောက်အကူပြု အဆောက်အဦများရှိခြင်း | |
| အာမခံလုပ်ငန်းများ၏ ဝန်ဆောင်မှုများကို ရရှိနိုင်ခြင်း | ရှိ ☐ မရှိ ✓ မဖြေဆိုပါ ☐ |
| လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအစဉ် | ရှိ ☐ မရှိ ✓ မဖြေဆိုပါ ☐ |
| မှုခင်းများ ကာကွယ်တားဆီး လျော့ချရေးအတွက် ရဲဘက်ဆိုင် ရာများမှ ဝန်ဆောင်မှုပေးခြင်း | ရှိ ☐ မရှိ ✓ မဖြေဆိုပါ ☐ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ။

**လေ့လာတွေ့ရှိချက်။** ။သောင်ကြီးကျေးရွာ၏ ဆက်သွယ်ရေး တာဝါတိုင်မရှိသောကြောင့် အင်တာနက်လိုင်းများလည်း မကောင်းခြင်း၊ လျှပ်စစ်မီး မရရှိခြင်း စသည်တို့ကြောင့် သတင်းအချက် အလက်များရရှိရန် ကြန့်ကြာမှုများ ကြုံတွေ့ရပါသည်။ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာပါက မည်သို့မည်ပုံ ဆောင်ရွက်ရမည်ကို သိရှိမှုနည်းပါးသဖြင့် သဘာဝဘေးအန္တရာယ်လျော့ချရေး အစီ အစဉ်များ ပို့ချပေးရန် လိုအပ်ပါသည်။

## (ဏ-၂) မှုခင်းဖြစ်ပွားမှု

ဇယား (၄၈) မှုခင်းဖြစ်ပွားမှု အခြေအနေ

| | လူကုန်ကူးမှု | ခိုးမှု | မူးယစ်ဆေးသုံးစွဲမှု | အကြမ်းဖက်မှု |
|---|---|---|---|---|
| **မှုခင်းဖြစ်ပွားမှု အခြေအနေ** | စိုးရိမ်ရသည် ☐<br>သာမန် ☐<br>မရှိ ✓ | စိုးရိမ်ရသည် ☐<br>သာမန် ☐<br>မရှိ ✓ | စိုးရိမ်ရသည် ☐<br>သာမန် ☐<br>မရှိ ✓ | စိုးရိမ်ရသည် ☐<br>သာမန် ☐<br>မရှိ ✓ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ သောင်ကြီးကျေးရွာရှိ အိမ်ထောင်စုများသည် ဆွေမျိုးမကင်းကြသော ကြောင့် အကြမ်းဖက်မှုများ ဖြစ်ပွားလေ့ နည်းပါးပြီး လူကုန်ကူးမှု၊ ခိုးမှု၊ မူးယစ် ဆေးဝါးသုံးစွဲမှုများ လည်း မရှိကြပါ။

## သောင်ကြီးကျေးရွာ၏ ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား

| စဉ် | အခက်အခဲ/ပြဿနာ | အခက်အခဲဖြစ်စေသော အကြောင်းအရင်း/ဇစ်မြစ် | အလားအလာ | အဟန့်အတား | ဖြေရှင်းရန်နည်းလမ်း | အဆိုပြုစီမံချက် |
|---|---|---|---|---|---|---|
| ကဏ္ဍ - စိုက်ပျိုးရေး | | | | | | |
| ၁။ | • စပါးအထွက်နှုန်း နည်းပါးခြင်း။<br>• ပိုးမွှား၊ ရောဂါကျ ရောက်ခြင်း။<br>• စိုက်ပျိုးရေးနည်းပညာ ရရှိသုံးစွဲမှုနည်းပါးခြင်း။<br>• လယ်ယာသုံး ကိရိယာ မလုံလောက်ခြင်း။ | • သီးနှံတစ်မျိုးတည်း နှစ်စဉ်စိုက်ပျိုးခြင်း။<br>• ပိုးမွှား၊ ရောဂါ ပြုစုမှု နည်းလမ်းများ သိရှိမှု အားနည်းခြင်း။<br>• မျိုးသန့်များ ထုတ်လုပ်မှုနည်းခြင်း။<br>• သဘာဝမြေဩဇာ အသုံးပြုမှု အားနည်းခြင်း။<br>• လိုအပ်သော ဓာတ်မြေဩဇာ နှုန်းထားကို မသိရှိဘဲ လိုအပ်သည်ထက် ပိုထည့်ခြင်း။<br>• လယ်ယာသုံး ကိရိယာများ အတွက် ပုဂ္ဂလိကကဏ္ဍနှင့် ချိတ်ဆက်မှု အားနည်းခြင်း။ | • သွင်းအားစုဈေးကွက် လက်လှမ်းမီခြင်း။<br>• အထွက်နှုန်းကောင်းမျိုးများ အား လက်လှမ်းမီခြင်း။<br>• သီးနှံရောင်းချသည့်ဈေးကွက် လက်လှမ်းမီခြင်း။<br>• စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်မှု ရှိခြင်း။ | • မိရိုးဖလာ စိုက်ပျိုးနည်းများ ကိုသာ အသုံးချနေကြသေးခြင်း။<br>• ကျွဲ၊ နွားရှားပါးလာပြီး သဘာဝမြေဩဇာ ပြုလုပ်အသုံးချမှု နည်းလာခြင်း။<br>• နည်းပညာများကို လက်တွေ့ လုပ်ဆောင်မှု အားနည်းခြင်း။ | • စိုက်ပျိုးရေးဦးစီးဌာန/နည်းပညာ ဝန်ဆောင်မှုအဖွဲ့များနှင့် ချိတ်ဆက်၍ မြေဆီလွှာ၊ရောဂါ၊ ပိုးမွှား၊ မျိုးသန့် ထုတ်လုပ်မှု၊ စိုက်နည်းစနစ်ဆိုင်ရာနည်းပညာသင်တန်းများ စီစဉ်ပေးခြင်း။ | **၁။ စိုက်ပျိုးထုတ်လုပ်ခြင်းမှ အကျိုးအမြတ် ပိုမို ဖြစ်ထွန်းစေရေးအတွက် နည်းပညာ တိုးတက် အသုံးချနိုင်အောင် ဆောင်ရွက်ခြင်း။**<br>• မြေဆီလွှာ ပြုပြင်ထိန်းသိမ်းနည်း သင်တန်းများ စီစဉ်ခြင်း။<br>• ပိုးမွှား၊ ရောဂါကာကွယ်နှိမ်နှင်းရေး နည်းပညာ သင်တန်း / ဟောပြောပွဲများ စီစဉ်ဆောင်ရွက်ခြင်း။<br>• စိုက်ပျိုးရေးလုပ်ငန်းကို စီးပွားရေးအမြင်ဖြင့် လုပ်ဆောင်နိုင်ရန် စီးပွားရေးအမြင်ဖွင့် သင်တန်းများ ပြုလုပ်ခြင်း။<br>• လယ်ယာသုံး စက်ကိရိယာများ လုံလောက်စွာ အသုံးပြုနိုင်ရန် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ချိတ်ဆက်ခြင်း။ |

| စဉ် | အခက်အခဲ/ပြဿနာ | အခက်အခဲဖြစ်စေသော အကြောင်းအရင်း/ဇစ်မြစ် | အလားအလာ | အဟန့်အတား | ဖြေရှင်းရန်နည်းလမ်း | အဆိုပြုစီမံချက် |
|---|---|---|---|---|---|---|
| **ကဏ္ဍ - မွေးမြူရေး** | | | | | | |
| ၂။ | • မွေးမြူရေး နည်းပညာ အားနည်းခြင်း။<br>• တစ်ပိုင်တစ်နိုင် မွေးမြူရန်သာအရင်းအနှီးတတ်နိုင်ခြင်း။<br>• ကြီးထွားမှုနည်း၍ ထုတ်လုပ်မှုညံ့။<br>• ရောဂါကျရောက်မှုများ ရှိခြင်း။ | • အရင်းအနှီး မလုံလောက်ခြင်း။<br>• စီးပွားဖြစ် မွေးမြူနည်းတို့ကို သိရှိမှု အားနည်းခြင်း။<br>• အိမ်မွေးတိရစ္ဆာန်များတွင် ကျရောက်တတ်သော ရောဂါများကို ကြိုတင်ကာကွယ် ကုသရန် အသိပညာ ဗဟုသုတ နည်းပါးခြင်း။<br>• ဒေသမျိုးကိုသာ အသုံးပြု မွေးမြူကြခြင်း။ | • တိရစ္ဆာန်များအတွက် ရေ အသင့်အတင့် လုံလောက်ခြင်း။<br>• ရောင်းချရန် ဈေးကွက်ရှိခြင်း၊ လွယ်ကူခြင်း။<br>• စီးပွားဖြစ်မွေးမြူရန် စိတ်ဝင်စားသော မိသားစုများ ရှိခြင်း။ | • အဆင့်မြင့်မွေးမြူရေး နည်းစနစ်ကျင့်သုံးနိုင်မှု မရှိခြင်း။<br>• မွေးမြူရေးနည်းပညာ ဝန်ဆောင်မှု အကန့်အသတ်ရှိခြင်း။<br>• မွေး-ကု ဦးစီးဌာနနှင့် ချိတ်ဆက်မှုအားနည်းခြင်း။ | • စီးပွားဖြစ် မွေးမြူသည့် နည်းပညာ သင်တန်းများ စီစဉ်ဆောင်ရွက်ခြင်း။<br>• လုံလောက်သော ရင်းနှီးငွေ ရရှိရေးအတွက် ချိတ်ဆက်လုပ်ဆောင်ခြင်း။ | **၂။ စီးပွားဖြစ် မွေးမြူရေး နည်းပညာနှင့် ဝန်ဆောင်မှုများ လက်လှမ်းမီအောင် ဆောင်ရွက်ခြင်း။**<br>• မြို့နယ် မွေး/ကု ဌာနနှင့် ချိတ်ဆက်၍ စီးပွားဖြစ် နည်းပညာ သင်တန်းများ ရရှိရန် ချိတ်ဆက်ခြင်း။ |
| **ကဏ္ဍ - စိုက်ပျိုး၊ မွေးမြူရေးမဟုတ်သော အခြားဝင်ငွေတိုးလုပ်ငန်းများ** | | | | | | |
| ၃။ | • အလုပ်အကိုင် အခွင့်အလမ်း ရှားပါးခြင်း။<br>• ဝင်ငွေနည်းပါးခြင်း။ | • လုပ်ငန်းအပေါ်တွင်မူတည်၍ ထုတ်ဈေးသောဈေးငွေမရှိခြင်း<br>• ဒေသနှင့်သင့်လျော်သော အသက်မွေးဝမ်းကျောင်းပညာများမရှိခြင်း။<br>• ကျွမ်းကျင်စွာ တတ်မြောက်မှုနည်းသောကြောင့် အခြေခံ လုပ်သားအဖြစ်သာ အလုပ်ရ ရှိခြင်း။<br>• | • ဝင်ငွေရရှိသည့် အခွင့်အလမ်းများအပေါ်တွင် စိတ်ပါဝင်စားမှုရှိခြင်းနှင့် လုပ်ကိုင်လိုစိတ်များခြင်း။<br>• ဝင်ငွေတိုးလုပ်ငန်းများအတွက် သင်တန်းများ ရရှိနိုင်သည့် ကျေးလက်ဦးစီးဌာန ရှိနေခြင်း။ | • အတန်းပညာနည်းသောကြောင့် ကျွမ်းကျင်စွာ တတ်မြောက်သူနည်းပြီး အခြေခံအလုပ်များကိုသာ လုပ်ကိုင်ခွင့်ရခြင်း။<br>• အသေးစား/အလတ်စား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများ နည်းပါးခြင်း။<br>• လျှပ်စစ်မီး အသုံးမပြုနိုင် | • တန်ဖိုးမြင့် ထုတ်ကုန်များ ထုတ်လုပ်ရန်အတွက် သင်တန်းများ တက်ရောက်စေခြင်း။<br>• ဝန်ဆောင်မှု အသက်မွေးဝမ်းကျောင်းသင်တန်းများ တက်ရောက်စေခြင်း။<br>• စီးပွားရေးဆိုင်ရာ ကျွမ်းကျင်မှု သင်တန်းများ စီစဉ်ခြင်း။<br>• အလုပ်အကိုင် အခွင့်အလမ်းများပြားစေရန် ချိတ်ဆက်ခြင်း။ | **၃။ အလုပ်အကိုင်အခွင့်အလမ်းများပြားလာစေရန် ဆောင်ရွက်ခြင်း။**<br>• အသေးစား/အလတ်စား စီးပွားရေးကျွမ်းကျင်မှု သင်တန်းများ စီစဉ်ခြင်း။<br>• စိတ်ပါဝင်စားသော မိသားစုများအတွက် ဒေသနှင့် သင့်လျော်သော အသက်မွေးဝမ်းကျောင်း နည်းပညာ သင်တန်း |

| စဉ် | အခက်အခဲ/ပြဿနာ | အခက်အခဲဖြစ်စေသော အကြောင်းအရင်း/ဇစ်မြစ် | အလားအလာ | အဟန့်အတား | ဖြေရှင်းရန်နည်းလမ်း | အဆိုပြုစီမံချက် |
|---|---|---|---|---|---|---|
| | | | | သေးခြင်း။ | | များ စီစဉ်ခြင်း။ |
| **ကဏ္ဍ - ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း** | | | | | | |
| ၄။ | • စီးပွားရေး၊လူမှုရေး နှင့်အရေးပေါ်ကိစ္စများ အတွက်ချေးငွေရရှိနိုင်မှု ခက်ခဲခြင်း။<br>• ဝင်ငွေတိုးလုပ်ငန်းများ အတွက် ငွေအရင်းအနှီး မတတ်နိုင်ခြင်း။ | • အစိုးရဌာနချေးငွေများ တွင် ကန့်သတ်ချက်များသဖြင့် အဆင်မပြေ။<br>• ပုဂ္ဂလိကဘဏ်များ အာမခံ မပါလျှင် မချေး။<br>• အသေးစားငွေကြေးဝန် ဆောင်မှု အဖွဲ့များ ရွာတိုင်းမရောက်။ | • မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးစရိတ် ချေးငွေ ရရှိခြင်း။<br>• သမဝါယမဌာနမှ ငွေစုငွေချေးကို လက်လှမ်းမီခြင်း။<br>• မြစိမ်းရောင် ချေးငွေကို လက်လှမ်းမီခြင်း။<br>• ကျေးရွာသူ/သားများမှသက်မွေးဝမ်းကျောင်းအလုပ်အကိုင်များကိုတက်ကြွစွာလုပ်ကိုင်လိုစိတ်ရှိခြင်းနှင့်တိုးချဲ့လုပ်ကိုင်လိုခြင်း။ | • ချေးငွေကို အကန့်အသတ် ဖြင့်သာ ထုတ်ပေးသည့် စနစ်ကို လက်ရှိတွင် ကျင့်သုံးနေခြင်း။<br>• အတိုးနှုန်းသက်သာသည့် ချေးငွေများရရှိမှု နည်းခြင်း။<br>• အသက်မွေးဝမ်းကျောင်း ပညာရပ်များ သင်ယူရန် အခွင့်အလမ်း နည်းခြင်း။ | • ငွေကြေးဝန်ဆောင်မှုကဏ္ဍ တိုးတက်အောင် ပြုပြင်ပြောင်းလဲခြင်း။<br>• ဈေးကွက် သေချာပါက တစ်ဦးချင်း(သို့)အစုအဖွဲ့ဖြင့် မွေးမြူနိုင်ရန် ဖန်တီးပေးခြင်း။<br>• စီးပွားရေးလုပ်ငန်း စီမံချက်များ ရေးဆွဲတတ်ရန် ပြင်ဆင်ခြင်း။<br>• အသေးစား/အလတ်စားချေးငွေများရရှိအောင်ဆောင်ရွက်ခြင်း။<br>• ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်၍ညှိနှိုင်းဆောင်ရွက်ခြင်း။ | **၄။ လုံလောက်သော ချေးငွေပမာဏအား သင့်တင့်သော အတိုးနှုန်းဖြင့် ကာလရှည် ချေးငွေ ပေးနိုင်မည့် အဖွဲ့များနှင့် ချိတ်ဆက်ခြင်း။**<br>• အသေးစား/အလတ်စား ဖွံ့ဖြိုးတိုးတက်လာစေရန် ချေးငွေရရှိနိုင်မည့် လိုအပ်ချက်များ ပြင်ဆင်ခြင်း။<br>• အသက်မွေးဝမ်းကျောင်း လုပ်ငန်းပေါ်မူတည်၍ အတိုး နှုန်းနည်းပြီး ကာလရှည် ထုတ်ချေးပေးနိုင်မည့် ချေးငွေနေရာများနှင့် ချိတ်ဆက်ခြင်း။<br>• မြစိမ်းရောင်ချေးငွေစီမံကိန်း ရရှိရန် ချိတ်ဆက်ခြင်း။ |
| **ကဏ္ဍ - ပညာရေး** | | | | | | |
| ၅။ | • ပညာသင်ကြားရန်အခက် အခဲများ ရှိနေခြင်း။ | • ကျောင်းဆောင်များ၏ အမိုး၊ နံရံ၊ အခင်းများ မကောင်း | • ကျောင်းသားမိဘများမှ ပညာရေးကဏ္ဍတွင် အားပေး | • ငွေကြေးကုန်ကျစရိတ် မတတ်နိုင်ခြင်း။ | • ကျောင်းအတွက် လိုအပ်ချက်များကို နှစ်အလိုက် စီမံကိန်း | **၅။ ကျေးရွာ၏ ပညာရေး ကဏ္ဍ တိုးတက်အောင်** |

| စဉ် | အခက်အခဲ/ပြဿနာ | အခက်အခဲဖြစ်စေသော အကြောင်းအရင်း/ဇစ်မြစ် | အလားအလာ | အဟန့်အတား | ဖြေရှင်းရန်နည်းလမ်း | အဆိုပြုစီမံချက် |
|---|---|---|---|---|---|---|
| | • အိမ်သာ မလုံလောက်ခြင်း။<br>• ကျောင်းပရိဘောဂများ မလုံလောက်ခြင်း။<br>• | တော့ခြင်း။<br>• ကျောင်း အိမ်သာ တစ်လုံးသာ ရှိခြင်း။<br>• ငွေကြေး အင်အား မထည့်နိုင်တော့ခြင်း။<br>• | ခြင်း။<br>• ရွာက လူ၊ လုပ်အား ပေးနိုင်ခြင်း။ | • ကျေးရွာ၏ အခြားကဏ္ဍများ တိုးတက်ရန်အားထည့် နေရသဖြင့် ပညာရေးကဏ္ဍ ရန်ပုံငွေအတွက် အားမစိုက်နိုင်တော့ခြင်း။ | များတွင် ပါဝင်အောင် ချိတ်ဆက် တောင်းဆိုခြင်း။<br>• ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်၍ ညှိနှိုင်းဆောင်ရွက်ခြင်း<br>• ကျောင်းအကျိုးတော်ဆောင် ကော်မတီကို ဦးဆောင်စေခြင်း။ | **ဆောင်ရွက်ခြင်း။**<br>• ကျောင်းဆောင်အား ပြုပြင်ထိန်းသိမ်းမှု လုပ်ဆောင်ခြင်း။<br>• ကျောင်းသုံးပရိဘောဂများ (၃၀) စုံ ဖြည့်တင်းခြင်း။<br>• အိမ်သာ (၄) လုံးတွင် အမိုးနှင့် တံခါးများ ပြင်ဆင်ခြင်း။ |
| **ကဏ္ဍ - ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး။** | | | | | | |
| ၆။ | • ဝမ်းပျက်ဝမ်းလျော၊သွေးလွန်တုပ်ကွေး၊ ငှက်ဖျား၊ ဆီးချိုရောဂါများဖြစ်ပွားသူ အချို့ရှိခြင်း။<br>• ကျန်းမာရေးအသိအတိုင်း လိုက်နာမှု အားနည်းခြင်း။<br>• နွေရာသီ သောက်သုံးရေ အခက်အခဲ ရှိခြင်း။ | • ကျန်းမာရေး ဗဟုသုတ ရှိသော်လည်း လိုက်နာမှုအားနည်းခြင်း။<br>• ကျန်းမာရေး သင်တန်းများနှင့် ချိတ်ဆက်မှုအားနည်းခြင်း။<br>• မသန့်ရှင်းသော အိမ်သာများ သုံးစွဲနေသေးခြင်း။<br>• နွေရာသီတွင် လက်တူးတွင်းများ ရေခမ်းခြောက်ခြင်း။ | • တောင်ကြီးကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် မဝေးကွာခြင်း။<br>• သုဝဏ္ဏဝတီမြို့နှင့် မဝေးကွာခြင်း။<br>• | • ကျေးရွာ၌ ကျန်းမာရေးကိစ္စအတွက် ဦးဆောင်ဖြေရှင်းမည့် အဖွဲ့အစည်းမရှိခြင်း။<br>• ငွေကြေးပါဝင်နိုင်မှု အားနည်းခြင်း။ | • ကျန်းမာရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ခြင်း။<br>• ကျောင်းကျန်းမာရေးလုပ်ရှားမှုနှင့် မိခင်/ကလေးအဖွဲ့အစည်း ခိုင်မာအောင် ပြုလုပ်ခြင်း၊<br>• ပရဟိတအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။<br>• သန့်ရှင်းသောအိမ်သာများ ပြောင်းလဲအသုံးပြုခြင်း။<br>• ရေကန်တည် ဆောက်ခြင်း။ | **၆။ ကျေးရွာ၏ ကျန်းမာရေးကဏ္ဍ တိုးတက်လာ စေရန် ဆောင်ရွက်ခြင်း။**<br>• ကျန်းမာရေးအသိပညာပေး ဟောပြောပွဲများ စီစဉ်ပေးခြင်း။<br>• သန့်ရှင်းသောအိမ်သာများ ပြောင်းလဲအသုံးပြုလာကြရန် အသိပညာပေးခြင်း။<br>• မြေသားရေကန်အတွင်းတွင် (၃၀'x ၂၅' x ၄') ရေတွင်းတစ်တွင်း ပြု လုပ်ခြင်း။ |

| စဉ် | အခက်အခဲ/ပြဿနာ | အခက်အခဲဖြစ်စေသော အကြောင်းအရင်း/ဇစ်မြစ် | အလားအလာ | အဟန့်အတား | ဖြေရှင်းရန်နည်းလမ်း | အဆိုပြုစီမံချက် |
|---|---|---|---|---|---|---|
| **ကဏ္ဍ - လမ်း၊ တံတား၊ လျှပ်စစ်မီး၊ ဆက်သွယ်ရေးစသည့် အခြေခံ အဆောက်အဦများ** | | | | | | |
| ၇။ | • ရွာတွင်း လမ်းမကြီးနှင့် ရွာတွင်းလမ်းများ မကောင်းမွန်ခြင်း။<br>• ရွာချင်းဆက်လမ်းများ သွားလာရ ခက်ခဲခြင်း။<br>• လျှပ်စစ်မီး မသုံးစွဲနိုင်ခြင်း။<br><br>•သတင်းအချက်အလက်များရရှိမှုအားနည်းခြင်း။ | • မြေသားလမ်းမကြီး ဖြစ်သောကြောင့် မိုးတွင်းဘက်တွင် လမ်းရေကျော်၍ ပျက်စီးခြင်း။<br>• မိုးရာသီ လမ်းပေါ်တွင် ရေတင်ခြင်း၊ နွေရာသီတွင် ဖုန်ထူခြင်း။<br>• မဟာဓာတ်အားလိုင်းနှင့် အလှမ်းမဝေးသော်လည်း ကျေးရွာသူ/သားများမှာ ငွေကြေးအင်အားအားနည်းခြင်း။ | •ကျေးရွာလူထုမှ ကိုယ်ထူကိုယ်ထစနစ်ဖြင့် ပြန်လည်ပြင်ဆင်ကြခြင်း။<br>•စုပေါင်းလုပ်ဆောင်ကြခြင်း။<br>•ငွေသား အနည်းငယ် စုပေါင်းပါဝင်နိုင်ခြင်း။ | • ငွေကြေး အင်အားပြည့် စိုက်ထုတ်နိုင်မှု အားနည်းခြင်း။ | • လူ-လုပ်အား ကူညီပြီး တတ်နိုင်သူများက တတ်နိုင်သလောက်ထည့်ဝင်ခြင်း။<br>• အခြေခံအဆောက်အဦများအား စီမံကိန်းနှစ်အလိုက် သက်ဆိုင်ရာဦးစီးဌာနများသို့ ထည့်သွင်းတောင်းဆိုခြင်း။<br>• ကျေးရွာဆပ်ကော်မတီဖွဲ့စည်းပြီး ကျေးလက်ဦးစီးဌာန။ ကျေးလက်လမ်းဦးစီးဌာနတို့နှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။<br>• ကျေးရွာဆပ်ကော်မီတီဖွဲ့စည်းပြီး လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။<br><br>• သက်ဆိုင်ရာ လုပ်ငန်းရှင်များနှင့် ချိတ်ဆက်ခြင်း။ | **၇။ ပို့ဆောင်ရေး အခြေခံ အဆောက်အဦများ တိုးတက်လာစေရေး။**<br>• ကျေးရွာတွင်းလမ်းမကြီး (၃၆၀၄' x ၁၈' x ၆") အား ကျောက်ချောလမ်းသို့အဆင့် မြှင့်တင်ခြင်း။<br>• ရွာပြင်လမ်း (၃၆၀၀' x ၁၂' x ၆") အား မြေနီ/ကျောက်ကြမ်းလမ်းသို့ လုပ်ဆောင်ခြင်း။<br>• သောင်ကြီး-တောကြီး ကျေးရွာချင်းဆက်လမ်း (၆၀၀၀' x ၁၈' x ၂') အား လမ်းချဲ့ထွင်ခြင်း။<br>• သောင်ကြီး-ကတိုက်ကလေး (၃/၄ မိုင် x ၁၈' x ၈") အား ကျောက်ချောလမ်းသို့ အဆင့်မြှင့်တင်ခြင်း။<br>• ကျေးရွာလုံးကျွတ် လျှပ်စစ်မီး အသုံးပြုနိုင်ရန် ချိတ်ဆက် ဆောင်ရွက်ခြင်း။ |

| စဉ် | အခက်အခဲ/ပြဿနာ | အခက်အခဲဖြစ်စေသော အကြောင်းအရင်း/ဇစ်မြစ် | အလားအလာ | အဟန့်အတား | ဖြေရှင်းရန်နည်းလမ်း | အဆိုပြုစီမံချက် |
|---|---|---|---|---|---|---|
| | | | | | | • ဆက်သွယ်ရေး တာဝါတိုင် တည်ဆောက်ကြရန် ချိတ်ဆက် တင်ပြခြင်း။ |
| **ကဏ္ဍ - လူငယ်နှင့် ယဉ်ကျေးမှု** | | | | | | |
| ၈။ | • လူငယ်များအတွက် ကစားကွင်းမရှိခြင်း၊ အားကစားပစ္စည်း မရှိခြင်း။<br>• လူငယ်များ ဗဟုသုတ လေ့လာမှုအားနည်းခြင်း<br>• အမျိုးသမီးများ အခွင့်အလမ်းများဆိုင်ရာ သိရှိမှု အားနည်းခြင်း။ | • ကျေးရွာစာကြည့်တိုက် မရှိခြင်း၊<br>• ဆင်းရဲခြင်း၊ ကိုယ်လက်ကြံ့ခိုင်ရေး အသိနည်းခြင်း။<br>• အမျိုးသမီးများမှ တရားဥပဒေဆိုင်ရာ အသိပညာ လေ့လာမှု အားနည်းခြင်း။ | • လူငယ်များ စည်းလုံး လုပ်ဆောင်မှုရှိခြင်း။<br>• ရွာလူငယ်များမှ အားကစား လုပ်ရှားမှုကို စိတ်ဝင်စားခြင်း။<br>• ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ကြခြင်း။ | • နေ့စား ကျပန်းများ သောကြောင့် အချိန်မပေးနိုင်ခြင်း။<br>• လက်လုပ်လက်စားများ အရင်းအနှီးမရှိ၍ အသက်မွေးဝမ်းကျောင်း သင်တန်း ရရှိသော်လည်း ခက်ခဲနိုင်ခြင်း။<br>• အားကစားပစ္စည်းများ လက်လှမ်းမမီခြင်း။ | • လူငယ်အဖွဲ့ ဖွဲ့စည်း၍ ကျေးရွာဖွံ့ဖြိုးရေးတွင် တတပ်တအား ပါဝင်ဆောင်ရွက်ခြင်း။<br>• အမျိုးသမီးများအား တရားဥပဒေဆိုင်ရာ အသိပညာပေး ဟောပြောပွဲများ ဆောင်ရွက်ပေးခြင်း။<br>• ကလေးဘဝမှစ၍ စာဖတ်ခြင်းနှင့်ရင်းနှီးစေရန်နှင့် သုတ/ရသ စာပေချစ်တတ်အောင် ကျောင်းစာကြည့်တိုက်ဖွံ့ဖြိုးရေးဆောင်ရွက်ခြင်း။ | **၈။ ကျေးရွာ၏ လူငယ်များ ဖွံ့ဖြိုးတိုးတက်လာစေရေး**<br>• လက်ရှိလူငယ်အဖွဲ့အား စွမ်းဆောင်ရည် မြင့်တင်ရေး သင်တန်းများ ပြုလုပ်ခြင်း။<br>• ကျေးရွာပိုင် စာကြည့်တိုက်/ လေ့လာသင်ယူရန် နေရာ တစ်ခု ဖန်တီးခြင်း။<br>• သင့်တော်သော နေရာအား အားကစားကွင်း ပြုလုပ်နိုင်ရန် စုပေါင်းတိုင်ပင်ခြင်း။<br>• အမျိုးသမီးများအား တရားဥပဒေဆိုင်ရာအသိပညာပေး ဟောပြောပွဲများ စီစဉ်ခြင်း။ |
| **ကဏ္ဍ - သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ဘေးအန္တရာယ် လျော့ချရေး** | | | | | | |
| ၉။ | • သဘာဝ ဘေးအန္တရာယ် လျော့ချရေးဆိုင်ရာ အစီအစဉ်များ သိရှိမှု အားနည်းခြင်း။ | • သဘာဝ ဘေးအန္တရာယ် လျော့ချရေးဆိုင်ရာ သတင်းအချက်အလက်များ ရရှိမှု အားနည်းခြင်း။ | • သက်ဆိုင်ရာ ဌာန/အဖွဲ့ အစည်းများမှ သဘာဝ ဘေးအန္တရာယ် လျော့ချရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲများ ပြုလုပ်ပေးနေခြင်း။ | • စနစ်နှင့်အစီအစဉ်မရှိသဖြင့် အသိပညာပေးမှုမထိရောက်။ ပေးကားပေး၏။ မရဖြစ်နေသည်။ | • သက်ဆိုင်ရာ ဌာန/အဖွဲ့ အစည်းများအား ချိတ်ဆက်၍ သဘာဝ ဘေးအန္တရာယ် လျော့ချရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲများ ပြုလုပ်ခြင်း။<br>• ကျေးရွာဖွံ့ဖြိုးရေးစီမံချက်တွင် စနစ်တကျထည့်သွင်းခြင်း။ | **၉။ ကျေးရွာ၏ သဘာဝ ဘေးအန္တရာယ် လျော့ချရေး။**<br>• သဘာဝဘေးအန္တရာယ် လျော့ချရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲများ ပြုလုပ်ရန် သက်ဆိုင်ရာ ဌာန/အဖွဲ့အစည်းများအား |

| စဉ် | အခက်အခဲ/ပြဿနာ | အခက်အခဲဖြစ်စေသော အကြောင်းအရင်း/ဇစ်မြစ် | အလားအလာ | အဟန့်အတား | ဖြေရှင်းရန်နည်းလမ်း | အဆိုပြုစီမံချက် |
|---|---|---|---|---|---|---|
| | | | | | | ချိတ်ဆက်ခြင်း။ |

## ဦးစားပေးစီမံချက် အဆိုပြုလွှာ (သို့) စီမံချက် အကြောင်းအရာ (၁)

| |
|---|
| **ကျေးရွာ** - သောင်ကြီး<br>**ကျေးရွာအုပ်စု** - သောင်ကြီး<br>**မြို့နယ်** - သထုံ<br>**တိုင်းဒေသကြီး /ပြည်နယ်** - မွန်ပြည်နယ် |
| **စီမံချက်အမည်** - ကျေးရွာတွင်းလမ်းမကြီး (၃၆၁၄' x ၁၈' x ၆") အား ကျောက်ချောလမ်း (သို့) ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း။ |
| **စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ**<br>• ယခုလက်ရှိ ကျေးရွာတွင်း လမ်းမှာ မြေသားလမ်းဖြစ်ပြီး မိုးကြီးသည့် အခါတွင် လမ်းပေါ်ရေကျော်ကာ ဗွက်အိုင်များ ဖြစ်ပေါ်၍ သွားလာရ ခက်ခဲစေပါသည်။<br>• ကျောင်းသားကျောင်းသူများ အနေဖြင့် လမ်းတွင် ဗွက်များ၊ ချိုင့်များ ဖြစ်နေသောကြောင့် ကျောင်းသွားကျောင်းပြန် အခက်အခဲများ ရှိပါသည်။<br>• ထို့အပြင် မိုးတွင်းကာလ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောကြောင့် ကျန်းမာရေးဆိုင်ရာ အရေးပေါ် အခြေအနေ ဖြစ်ပေါ်လာပါက အသက်အန္တရာယ် ထိခိုက်နိုင်ပါသည်။<br>• သံဃာတော်များ ဆွမ်းခံကြွချိန်တွင် လမ်းအခြေအနေ ဆိုးဝါးစွာ ဗွက်များ၊ ချိုင့်များ ဖြစ်ပေါ်နေသောကြောင့် ဆွမ်းခံကြွရာတွင်လည်း အခက်အခဲများ ဖြစ်ပေါ်နေပါသည်။ |
| **စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)**<br>• မိုးတွင်းကာလ မိုးကြီးသည့်အခါများတွင် လမ်းပေါ်ရေကျော်မှုများ ကင်းဝေးစေရန်နှင့် ဗွက်များ၊ ချိုင့်များ မရှိစေရန်၊<br>• ကျောင်းသားကျောင်းသူများ ပညာသင်ယူမှုတွင် သွားလာရ အဆင်ပြေစေရန်၊<br>• ကျန်းမာရေး အရေးပေါ် အခြေအနေများတွင် သွားလာရ အဆင်ပြေ၍ အသက်အန္တရာယ် ကင်းဝေးစေရန်၊<br>• သံဃာတော်များ ဆွမ်းခံကြွရာတွင် သွားလာရ အဆင်ပြေစေရေန်။ |
| **မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)**<br>• ကွန်ကရစ်လမ်း ခင်းပြီးနောက် ရေကျော်မှုများ ကင်းဝေးပြီး ဗွက်များ၊ ချိုင့်များ မရှိသဖြင့် သွားလာမှု ပိုမိုအဆင်ပြေ လွယ်ကူလာမည်။<br>• ကျောင်းသားကျောင်းသူများ ပညာသင်ယူမှုတွင် သွားလာရေး အခက်အခဲများ မရှိသဖြင့် ကျောင်းပျက်နှုန်း နည်းလာပြီး ပညာတတ်မြောက်သူဦးရေ များလာမည်။<br>• ကျန်းမာရေး အရေးပေါ် အခြေအနေတွင်လည်း လမ်းပန်းဆက်သွယ်ရေး အဆင်ပြေသောကြောင့် မြို့ဆေးရုံ၊ ကျေးလက်ကျန်းမာရေးဌာနခွဲ စသည့်နေရာများသို့ အချိန်မီ ပို့ပေးနိုင်ပြီး မတော်တဆ သေဆုံးမှု လျော့ကျလာပါလိမ့်မည်။<br>• သံဃာတော်များအတွက်လည်း လမ်းအခြေအနေကောင်းမွန်မှုကြောင့် စိတ်ချမ်းသာစွာဖြင့် ဆွမ်းခံကြွနိုင်မည်။<br>• ထို့အပြင် နွေရာသီ မီးဘေးအန္တရာယ် ဖြစ်ပေါ်လာပါက လမ်းကောင်းနေသောကြောင့် အချိန်မီ တားဆီးနိုင်ပါမည်။ |

| စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်) | |
|---|---|
| • သောင်ကြီးကျေးရွာတွင်းလမ်းမကြီး (၃၆၀၄' x ၁၈' x ၆") အား ကျောက်ချောလမ်း (သို့) ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း။ | |
| **စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု** | |
| **ခန့်မှန်းကုန်ကျစရိတ် (ကျပ်)** | **ထည့်ဝင်မည့် အစီအစဉ်** |
| • ၁၀,၀၀၀,၀၀၀ (ငွေသား)<br>• ___________ (ငွေသား)<br>• ___________ (ပစ္စည်း/လုပ်အား)<br>• | • ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>• ကျေးရွာ<br>• ကျေးရွာ<br>• |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| **ကျေးရွာအဆင့်** | ၃၉၂ | ၃၈၄ | ၇၇၆ | ၈ | ၃၀ | ၇၄ | ၃၅ | ၁၄၇ |
| **အကျိုးခံစားမည့်သူ ဦးရေ** | ၃၉၈ | ၄၄၅ | ၃၉၂ | ၈ | ၃၀ | ၇၄ | ၃၅ | ၁၄၇ |
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

| |
|---|
| **(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)**<br>• သောင်ကြီးကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ<br>• မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| **(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း** - ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ |
| **(၃) စီမံချက်ပြီးစီးမည့်အချိန်** - ၂၀၁၉ ခုနှစ်၊ မတ်လ |
| **(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -**<br>• ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးပါမည်။<br>• သောင်ကြီးကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းရာတွင်ကျေးရွာမှ လုပ်အားထည့်ဝင် ပါမည်။<br>• လိုအပ်ပါက ပစ္စည်းနှင့် ငွေကြေး အသင့်အတင့် ထည့်ဝင်ပါမည်။ |
| **(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ**<br>• လုပ်ငန်းများ ကောင်းမွန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဆင့်အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။<br>• လုပ်ငန်းများ အကောင်အထည်ဖော်ပြီးပါကလည်း လုပ်ငန်းပြီးဆုံးမှု အလွဲအပြောင်း လုပ်ဆောင်ခြင်းနှင့် ဖွင့်လှစ်ပွဲ လုပ်ဆောင်ပါမည်။<br>• လမ်းအခြေအနေအား ရေရှည်ကောင်းမွန်ခိုင်ခံ့စေရေးအတွက် လိုအပ်သော ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းများကို အစီအစဉ်ရေးဆွဲပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်၍ လုပ်ဆောင်သွားပါမည်။<br>• ပြုပြင်ထိန်းသိမ်းရေးအတွက် လိုအပ်မည့် ကုန်ကျစရိတ်များကိုလည်း ကျေးရွာအတွင်းရှိ လမ်းသူလမ်းသားများ၊ လုပ်ငန်းရှင်များထံမှ အလှူငွေ (သို့) စုပေါင်းလုပ်အားဖြင့် ဆောင်ရွက်သွားပါမည်။ |

## ဦးစားပေးစီမံချက် အဆိုပြုလွှာ (သို့) စီမံချက် အကြောင်းအရာ (၂)

**ကျေးရွာ** - သောင်ကြီး
**ကျေးရွာအုပ်စု** - သောင်ကြီး
**မြို့နယ်** - သထုံ
**တိုင်းဒေသကြီး /ပြည်နယ်** - မွန်ပြည်နယ်

**စီမံချက်အမည် -** ကျောင်းဆောင် (၉၀'x ၃၀') အား ပြုပြင်ထိန်းသိမ်းမှု လုပ်ဆောင်ခြင်း။

**စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ**
- လက်ရှိသောင်ကြီးကျေးရွာတွင်ရှိသော ကျောင်းဆောင်မှာ အမိုး၊ နံရံ၊ အခင်းများမှာ အနည်းငယ် ပျက်စီးမှုများ ရှိနေပါသည်။
- ကလေးများပညာသင်ကြားရေးတွင် အခက်အခဲ အနည်းငယ် ရှိနေပါသည်။
- ရာသီဥတုဒဏ်မှ မကာကွယ်နိုင်ပါ။
- ပညာသင်ကြားရာတွင်လည်း လုံခြုံမှု မရှိပါ။

**စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)**
- ကလေးငယ်များ ပျော်ပျော်ရွှင်ရွှင် စာသင်ကြားနိုင်စေရန်။
- ကလေးငယ်များ ပညာသင်ကြားရာတွင် လုံခြုံစွာ ပညာသင်ကြားနိုင်ရန်။
- ရာသီဥတုဒဏ်မှ ကာကွယ်နိုင်စေရန်။

**မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)**
- ကလေးငယ်များ ပျော်ပျော်ရွှင်ရွှင် စာသင်ကြားနိုင်လာမည်။
- ကျောင်းဆောင် ပြုပြင်ခြင်းအားဖြင့် လုံခြုံမှု ရှိလာမည်ဖြစ်သောကြောင့် ကျောင်းသားများ စာသင်ကြားရာတွင် ပိုမို စိတ်ဝင်စားလာမည်။
- ရာသီဥတုဒဏ်မှလည်း ကာကွယ်နိုင်လာမည် ဖြစ်ပါသည်။

**စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)**
- ကျောင်းဆောင် (၉၀'x ၃၀') အား ပြုပြင်ထိန်းသိမ်းမှု လုပ်ဆောင်ခြင်း။

**စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု**

| ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | ထည့်ဝင်မည့် အစီအစဉ် |
|---|---|
| • ၁၀,၀၀၀,၀၀၀ (ငွေသား) | • ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| • ___________ (ငွေသား) | • ကျေးရွာ |
| • ___________ (ပစ္စည်း/လုပ်အား) | • ကျေးရွာ |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| **ကျေးရွာအဆင့်** | ၃၉၂ | ၃၈၄ | ၇၇၆ | ၈ | ၃၀ | ၇၄ | ၃၅ | ၁၄၇ |
| **အကျိုးခံစားမည့်သူ ဦးရေ** | ၃၉၈ | ၄၄၅ | ၃၉၂ | ၈ | ၃၀ | ၇၄ | ၃၅ | ၁၄၇ |

မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

| |
|---|
| **(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)**<br>• သောင်ကြီးကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ<br>• မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| **(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း -** ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ |
| **(၃) စီမံချက်ပြီးစီးမည့်အချိန်** - ၂၀၁၉ ခုနှစ်၊ မတ်လ |
| **(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -**<br>• ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးပါမည်။<br>• ကျောင်းဆောက် ပြုပြင်ခြင်းပြုလုပ်ရာတွင် ကျေးရွာမှ လုပ်အားထည့်ဝင်ပါမည်။<br>• လိုအပ်ပါက ပစ္စည်းနှင့် ငွေကြေး အသင့်အတင့် ထည့်ဝင်ပါမည်။ |
| **(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ**<br>• လုပ်ငန်းများ ကောင်းမွန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဆင့်အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။<br>• လုပ်ငန်းများ အကောင်အထည်ဖော်ပြီးပါကလည်း လုပ်ငန်းပြီးဆုံးမှု အလွှဲအပြောင်း လုပ်ဆောင်ခြင်းနှင့် ဖွင့်လှစ်ပွဲ လုပ်ဆောင်ပါမည်။<br>• ကျောင်းဆောင် ရေရှည်ကောင်းမွန်ခိုင်ခံ့စေရေးအတွက် လိုအပ်သော ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းများကို အစီအစဉ်ရေးဆွဲပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်၍ လုပ်ဆောင်သွားပါမည်။<br>• ပြုပြင်ထိန်းသိမ်းရေးအတွက် လိုအပ်မည့် ကုန်ကျစရိတ်များကိုလည်း ကျေးရွာအတွင်းရှိ ကျေးရွာသူ/သားများ၊ လုပ်ငန်းရှင်များထံမှ အလှူငွေ (သို့) စုပေါင်းလုပ်အားဖြင့် ဆောင်ရွက်သွား ပါမည်။ |

## ဦးစားပေးစီမံချက် အဆိုပြုလွှာ (သို့) စီမံချက် အကြောင်းအရာ (၃)

| | |
|---|---|
| **ကျေးရွာ** - သောင်ကြီး<br>**ကျေးရွာအုပ်စု** - သောင်ကြီး<br>**မြို့နယ်** - သထုံ<br>**တိုင်းဒေသကြီး /ပြည်နယ်** - မွန်ပြည်နယ် | |
| **စီမံချက်အမည်** - မြေသားရေကန်အတွင်းတွင် (၃၀'x ၂၅' x ၄') ရေတွင်းတစ်တွင်း ပြုလုပ်ခြင်း။ | |
| **စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ**<br>• ကျေးရွာတွင် ရေတွင်း (၆) တွင်းသည် နွေရာသီတွင် ရေများ ခမ်းခြောက်လေ့ရှိပါသည်။<br>• ဘုန်းကြီး ကျောင်းဝင်းအတွင်းရှိ (၁၈၀'x ၁၆၅') မြေသားရေကန်မှရေကို သောက်ရေအတွက် ဦးစားပေး အသုံးပြုကြပြီး၊ မိမိတို့အိမ်ဝင်းအတွင်းရှိ ရေကန်များမှ ရေများကို သုံးရေအတွက် အသုံးပြုကြ ပါသည်။<br>• တစ်ရွာတည်း အသုံးပြုလျှင် လုံလောက်နိုင်သော်လည်း လယ်များအတွင်းနေထိုင်သူများမှပါ လာရောက် ခပ်ယူကြသဖြင့် နွေရာသီရောက်တိုင်း ရေရှားပါးမှုကို ကြုံတွေ့ရပါသည်။ | |
| **စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)**<br>• ကျေးရွာသူ/သားများ သောက်သုံးရေ အခက်အခဲ မရှိတော့ဘဲ တစ်နှစ်ပတ်လုံး လုံလောက်စွာ အသုံးပြု နိုင်ရန်။<br>• အခြားဝင်ငွေရလုပ်ငန်းများ ပိုမိုလုပ်ကိုင်နိုင်ပြီး စျေးကွက်စီးပွားရေး ပိုမိုကောင်းမွန်လာစေရန်။ | |
| **မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)**<br>• ကျေးရွာတွင် သောက် သုံးရေ ဖူလုံစွာရရှိလာမည်။<br>• နွေရာသီ မီးဘေးအန္တရာယ်ကြုံတွေ့လာပါကလည်း အချိန်မီ လွယ်ကူစွာငြိမ်းသတ်နိုင်မည်။<br>• စီးပွားရေးအတွက်အချိန်များများပေးနိုင်ပြီး အထောက်အကူဖြစ်လာစေနိုင်မည်။ | |
| **စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)**<br>• မြေသားရေကန်အတွင်းတွင် (၃၀'x ၂၅' x ၄') ရေတွင်းတစ်တွင်း ပြုလုပ်ခြင်း။ | |
| **စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု** | |
| **ခန့်မှန်းကုန်ကျစရိတ် (ကျပ်)** | **ထည့်ဝင်မည့် အစီအစဉ်** |
| • ၁၀,၀၀၀,၀၀၀ (ငွေသား)<br>• ___________ (ငွေသား)<br>• ___________ (ပစ္စည်း/လုပ်အား) | • ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>• ကျေးရွာ<br>• ကျေးရွာ |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| **ကျေးရွာအဆင့်** | ၃၉၂ | ၃၈၄ | ၇၇၆ | ၈ | ၃၀ | ၇၄ | ၃၅ | ၁၄၇ |
| **အကျိုးခံစားမည့်သူ ဦးရေ** | ၃၉၈ | ၄၄၅ | ၃၉၂ | ၈ | ၃၀ | ၇၄ | ၃၅ | ၁၄၇ |
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ –၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

**(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)**

- သောင်ကြီးကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
- မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

**(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း** - ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ

**(၃) စီမံချက်ပြီးစီးမည့်အချိန်** - ၂၀၁၉ ခုနှစ်၊ မတ်လ

**(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -**

- ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးပါမည်။
- ကျေးရွာလုပ်အားထည့်ဝင်ပါမည်။
- လိုအပ်ပါက ပစ္စည်းနှင့် ငွေကြေး အသင့်အတင့် ထည့်ဝင်ပါမည်။

**(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ**

- လုပ်ငန်းများ ကောင်းမွန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဆင့်အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။
- လုပ်ငန်းများ အကောင်အထည်ဖော်ပြီးပါကလည်း လုပ်ငန်းပြီးဆုံးမှု အလွှဲအပြောင်း လုပ်ဆောင်ခြင်း လုပ်ဆောင်ပါမည်။
- ရေတွင်းအား ရေရှည်ကောင်းမွန်ခိုင်ခံ့စေရေးအတွက် လိုအပ်သော ပြုပြင်ထိန်း သိမ်းမှုလုပ်ငန်းများကို အစီအစဉ်ရေးဆွဲပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်၍ လုပ်ဆောင်သွား ပါမည်။
- ပြုပြင်ထိန်းသိမ်းရေးအတွက် လိုအပ်မည့် ကုန်ကျစရိတ်များကိုလည်း ကျေးရွာအတွင်းရှိ ကျေးရွာသူ/သားများ၊ လုပ်ငန်းရှင်များထံမှ အလှူငွေ (သို့) စုပေါင်းလုပ်အားဖြင့် ဆောင်ရွက်သွားပါမည်။